Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281, E-mail : ndddrd07@csloxinfo.com

# တစ်လအတွင်း မြန်မာ့သတင်း (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ)

## ဖေဖော်ဝါရီလ (၁)ရက်

- ရန်ကုန် လှိုင်တက္ကသိုလ်နယ်မြေ ခပေါင်းဆောင်မှ ကျောင်းသားတစ်ဦးနှင့်တက္ကသိုလ်ဆရာတစ်ဦးကို ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့တွင် အာဏာပိုင်များက ဖမ်းဆီးသွားသည်ဟု လှိုင်တက္ကသိုလ်ဝင်းအနီး အဆောင်နေကျောင်းသားတစ်ဦးက ပြောသည်။ **(DVB 010209)**
- နာဂစ်အလောင်းကောက်မှုနှင့်ပတ်သက်၍ ဖမ်းဆီးခံထားရသည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ၂၀၀၇ မျိုးဆက်ကျောင်းသားများဖြစ်သည့် ဖုန်းပြည့်ကြွယ်နှင့် ရှိန်းရာဇာထွန်းတို့ကို အင်းစိန်ထောင်ထဲ၌ ထပ်မံစစ်ကြောရေးပြုလုပ်နေသည်ဟု ထောင်ဝန်ထမ်းတစ်ဦးမှတဆင့် သိရသည်။ **(DVB 010209)**
- ရန်ကုန်မြို့ကိုရောက်ရှိနေသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် **Ibrahim Gambari**သည် ယနေ့ နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့ကို တွေ့ဆုံခဲ့သည်ဟု **AFP** သတင်းအရ သိရသည်။ **(DVB 010209)**
- နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန်၊ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများဖြစ်လာအောင်ပြုလုပ်ပေးရန် သခင်သိန်းဖေဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားများအဖွဲ့၏ ကုလသမဂ္ဂအထူးကိုယ်စားလှယ် **Ibrahim Gambari**ထံပေးစာတွင် ရေးသားထားသည်ကို တွေ့ရသည်။ **(DVB 010209)**
- ယနေ့ကြုံတွေ့နေရသည့် လူထုအကျပ်အတည်းနှင့်ပတ်သက်၍ ဖြေရှင်းနိုင်ရန် လူထုပါဝင်နိုင်သည့်လှုပ်ရှားမှုများကို မကြာမီ ဖော်ဆောင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာ၊ ရမည်းသင်းနှင့်မြင်းခြံ (၃)ခရိုင်တို့က စတင်ကြိုးပမ်းနေပြီဟု မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(DVB 010209)**
- တနင်္သာရီတိုင်း ထားဝယ်မြို့နယ် သဲချောင်း၊ ရေကြည်၊ ထားဝယ် မြို့နယ်(၃)ခုမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များသည် ထားဝယ်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘစိန်နေအိမ်တွင် ယနေ့ တွေ့ဆုံပြီး စကားဝိုင်းတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။ **(DVB 010209)**
- ဖေဖော်ဝါရီလကုန်ပိုင်းတွင်ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာငွေကြေးအကျပ်အတည်းမှ ကာကွယ်နိုင်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်မှုကို အလေးပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိပ်တန်းအာဆီယံအရာရှိကြီးတစ်ဦးက လွန်ခဲ့သည့်သီတင်းပတ်က ပြောသည်။ **(The Myanmar Times 30-12050209)**
- လွန်ခဲ့သောလများက တန့်နေခဲ့သော ပြည်ပသို့ ဆန်တင်ပို့ရောင်းချရေးဈေးကွက်သည် ယခုလအတွင်း ပြန်လည် အရှိန်ရလာနေသော်လည်း ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ ကျဆင်းနေမှုကြောင့် အမြတ်အစွန်းနည်းပါးနေကြောင်း၊ သို့သော် တိုင်းပြည်၌အဓိက ထုတ်ကုန်ကဏ္ဍတစ်ခု ပြည်ပဈေးကွက်ပျောက်မသွားစေရေး မျှော်မှန်းကာ လုပ်ကိုင်နေရသည့်အနေအထားတွင်ရှိကြောင်း ဆန်တင်ပို့ရေးလောကနှင့်ဆက်စပ်သော ပုဂ္ဂိုလ်များက ဇန်နဝါရီလ (၂၆)ရက်နေ့တွင် ပြောသည်။ **(The Myanmar Times 30-12050209)**
- မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းဒေသများတွင် နွေကာလများ၌ရေရှားပါးမှုမဖြစ်စေရန် နယ်စပ်စည်ပင် သာယာရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ဂျိုက်ကာ)တို့ပူးပေါင်းပြီး စက်ရေတွင်းသစ်(၂၀)ကိုတူးဖော်၍ ရေတွင်းဟောင်း (၄၀)ကို ယခုနှစ်မကုန်မီ ပြင်ဆင်သွားမည်ဖြစ်ကြောင်း စီမံကိန်းမှတာဝန်ရှိသူများက ယခုလတတိယပတ်အတွင်း၌ ပြောသည်။ **(The Myanmar Times 30-12050209)**
- အိန္ဒိယနိုင်ငံတွင် တည်ထားလျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှ အလှူရှင်များက ကျပ်သိန်းပေါင်း ၁,၇၀၀ ကျော်ကို ဇန်နဝါရီလ ၂၀ ရက်နေ့က ကျင်းပသည့် (၁၆)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် လှူဒါန်းခဲ့သည်။ **(The Myanmar Times 30-12050209)**
- မြန်မာနိုင်ငံ အနောက်ဘက်မျက်နှာစာရှိ အဓိကနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကြီးနှစ်ခုအနက်မှ တစ်ခုဖြစ်သည့် မြန်မာ–ဘင်္ဂလားဒေ့ရှ် မောင်တောနယ်စပ်ကုန်သွယ်ရေးလမ်းမှ ကုန်သွယ်နိုင်မှုပမာဏမှာ ယခု ဘဏ္ဍာနှစ်ပထမကိုးလမှာပင် ယမန်နှစ်ကထက် ၃၀ ရာခိုင်နှုန်းမျှ ပိုမိုလာခဲ့ကြောင်း မောင်တောနယ်စပ်ကုန်သွယ် ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(The Myanmar Times 30-12050209)**

ဖေဖော်ဝါရီလ (၂)ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးလွင်သည် ကျန်းမာရေးမကောင်းသည့်အတွက် အဖွဲ့ချုပ်ခေါင်းဆောင်ပိုင်းနှင့် မစ္စတာ**Ibrahim Gambari** တွေ့ဆုံပွဲသို့ မတက်ရောက်နိုင်ဟု ဦးလွင်က ပြောသည်။ **(NEJ 020209)**
- ဇန်နဝါရီလ (၃၁)ရက်နေ့မှ ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ ရန်ကုန်မြို့ ပုဇွန်တောင် ချမ်းသာပလာဇာတွင် ပြုလုပ်မည့် **Year 2009 One Stop IT Show** ပွဲတော်ကို သက်ဆိုင်ရာ အာဏာပိုင်များကခွင့်မပြုပဲ ပိတ်ထားကြောင်း ပွဲစီစဉ်သူကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(NEJ 020209)**
- နအဖအနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို လက်တွေ့မလုပ်ဆောင်နိုင်သေးသမျှ ကရင်အမျိုးသားအစည်းအရုံး**KNU**သည် ကရင်အမျိုးသားများ၏ဆန္ဒနှင့်အညီ အုပ်စိုးသူစစ်အစိုးရကို ခုခံတော်လှန်စစ်ဖြင့် ဆက်လက်တိုက်ပွဲဆင်နွှဲနေရဦးမည်ဟု ယခင်လ(၃၁)ရက်နေ့တွင်ပြုလုပ်သည့် နှစ်(၆၀)ပြည့်ကရင့်တော်လှန်ရေးနေ့တွင် ကရင့်အမျိုးသားအစည်းအရုံး **KNU** ဥက္ကဋ္ဌ စောတာမလာဘောက ပြောသည်။ **(NEJ 020209)**
- မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့ကို ရန်ကုန်မြို့ အစိုးရဧည့်ဂေဟာ၌ တပြိုင်တည်းတွေ့ဆုံပြီး (၁)နာရီကျော်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(NEJ/ DVB 020209)**
- မစ္စတာ **Ibrahim Gambari**နှင့် မတွေ့ဆုံမီ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် (၆) ဦးတို့ (၁၅)မိနစ်ခန့် သီးခြားတွေ့ဆုံခွင့်ရခဲ့သည်ဟု အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ/ DVB 020209)**
- ဇန်နဝါရီလတွင် နောက်ဆုံးပြန်ဆပ်ရမည့် စိုက်ပျိုးစရိတ်ငွေများကို သုံးခွမြို့နယ်မှ လယ်သမားအများစုအနေဖြင့် ပြန်မဆပ်နိုင်ခြင်းကြောင့် စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဒေါ်စုစုမော်၏ ဖိအားပေးမှုများရင်ဆိုင်နေရသည်ဟု လယ်သမားတစ်ဦးက ပြောသည်။ **(DVB 020209)**
- နိုင်ငံရေးအကျဉ်းသားများမလွှတ်ပေးသရွေ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်**Ban Ki-moon**သည် မြန်မာနိုင်ငံကို မလာသင့်သေးဟု ဒေါ်အောင်ဆန်းစုကြည်က မစ္စတာ **Ibrahim Gambari**ကို အမှာစကားပါးလိုက်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသည်။ **(DVB 020209)**
- နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးမလုပ်ပဲ လမ်းပြမြေပုံ(၇)ချက်အတိုင်း တစ်ဖက်သတ်ဆောင်ရွက်မည်ဆိုလျှင် ၂၀၁၀ ရွေးကောက်ပွဲအသစ်ကို စဉ်းစားမည်မဟုတ်ဘူးဟု မစ္စတာ **Ibrahim Gambari**နှင့် ယနေ့တွေ့ဆုံရာတွင် တင်ပြလိုက်သည်ဟု ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**SNLD** ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ပြောသည်။ **(DVB 020209)**
- ကလောမြို့ ရွှေဥမင်းစေတီအနီး စစ်ဦးစီးတက္ကသိုလ်တွင်ဖွင့်ထားသည့် တစ်ခုတည်းသော အင်တာနက်ဆိုင်တွင်သာ တစ်နာရီကို ကျပ် (၂,၀၀၀)နှုန်းဖြင့် အသုံးပြုနေရသည်ဟု ကလောမြို့ခံတစ်ဦးက ပြောသည်။ **(DVB 020209)**
- ယခုကာလတွင် မြန်မာနိုင်ငံ၌ စီးပွါးရေးလုပ်ငန်းများ အဆင်မပြေဖြစ်နေသော်လည်း ဖဲဒင်လုပ်ငန်းနှင့်ဖဲဒင်စာအုပ်ထုတ်ဝေ ရောင်းချမှုများ အဆင်ပြေနေကြောင်း သိရသည်။ **(DVB 020209)**
- မကွေးတိုင်း စေတုတ္တရာမြို့နှင့် (၆)မိုင်အကွာရှိ ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ လမ်းဖေါက်လုပ်ရာတွင် ရွာသစ်နှင့်တောင်ခတ္တရာရွာတို့မှ လယ်ကေ(၂၀)ကျော် လျော်ကြေးမရရှိပဲ အသိမ်းခံရသည်ဟု ဒေသခံများက ပြောသည်။ **(DVB 020209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုက်တွန်းနှိုးဆော်ထားသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မြောက်ရေးအတွက် လူထုထောက်ခံလှုပ်ရှားမှုများဖြစ်လာစေရန် ကြိုးစားသွားမည်ဟု ယခုလ(၁)ရက်နေ့တွင်ပြုလုပ်သည့် လပတ်အစည်းအဝေးမှ ထုတ်ဖေါ်ပြောကြားလိုက်သည်။ **(DVB 020209)**

ဖေဖော်ဝါရီလ (၃)ရက်

- ၂၀၀၇ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားပေါင်း (၁၀)ကားတိတိ ရုံတင်ပြသခဲ့သည့်အနက် အကယ်ဒမီပေးလေ့ရှိသည့် ဒရာမာဇာတ်ကား (၄)ကားသာရှိပြီး ကျန်(၆)ကားသည် ဟာသကားများသာဖြစ်ကြောင်း တွေ့ရသည်။ **(DVB 030209)**
- မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြားဝင်ဆောင်ရွက်နေသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**သည် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ခွင့်မရပဲ ယနေ့ ပြန်လည်ထွက်ခွါသွားကြောင်း သိရသည်။ **(DVB 030209)**
- တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့**UNA**သည် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**နှင့် တွေ့ခွင့်ရရန် စာရေးတောင်းဆိုထားသော်လည်း တွေ့ခွင့်မရခဲ့ကြောင်း **UNA** ပြောခွင့်ရပုဂ္ဂိုလ် ပူကျင်ရှင်းထန်က ပြောသည်။ **(DVB 030209)**
- နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မြောက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုက်တွန်းနှိုးဆော်ချက်ကို အင်္ဂလိပ်ပြည်ဆုတောင်းအဖွဲ့များက ထောက်ခံလိုက်ကြပြီး ပူးပေါင်းဆောင်ရွက်ရန် ထပ်ဆင့်ဆော်ဩလိုက်သည်။ **(DVB 030209)**

- ထိုင်း–မြန်မာနယ်စပ် ရနောင်းမြို့တွင် **UNHCR**က ရိုဟင်ဂျာဒုက္ခသည်များဆောက်ပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ရနောင်းမြို့ခံများက ယနေ့ ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(RFA 030209)**
- အာရှနိုင်ငံ(၁၃)နိုင်ငံမှ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသည့် **CALD**အဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုတွင် သမ္မတအိုဘားမား မဲဆွယ်စည်းရုံးရေးတာဝန်ခံတို့က နိုင်ငံရေးစည်းရုံးလှုံ့ဆော်လှုပ်ရှားမှုများနှင့်ပတ်သက်၍ အတွေ့အကြုံနှီးနှောဖလှယ်သည့် ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် (၄)ရက်ကြာပြုလုပ်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ**NCUB**က နိုင်ငံခြားရေးတွဲဘက်တာဝန်ခံ ဦးညိုအုန်းမြင့်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **(RFA 030209)**
- မကွေးတိုင်း အောင်မြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းမှ လယ်ယာမြေသိမ်းယူမှုနှင့်ပတ်သက်၍ **ILO** ရုံးခွဲသို့ တိုင်ကြားခဲ့သူများထဲမှ ခေါင်းဆောင်ဟု သံသယရှိသူများကို အာဏာပိုင်များက အကြောင်းမရှိအကြောင်းရှာကာ ဝင်ရောက်ရှာဖွေစစ်ဆေးမှုများပြုလုပ်နေသည်ဟု ယခုလ(၂)ရက်နေ့က ဝင်ရောက်ရှာဖွေခံခဲ့ရသည့် ရှမ်းကလေးကျောင်းစု ကျေးရွာမှ ဦးသန်းစိုးက ပြောသည်။ **(RFA 030209)**

ဖေဖော်ဝါရီလ (၄)ရက်

- ထိုင်ကိုယ်စားလှယ်များနှင့် ထိုင်အရောင်းဆိုင်တို့ ရောင်းအားမကောင်းပဲ လက်ကျန်ထိုင်များနေကာ အရှုံးပေါ်နေသည့်အတွက် အစိုးရအောင်ဘာလေသိန်းဆုဌာနက (၂၄၂)ကြိမ်မြောက်အတွက် အက္ခရာ(၂၆)လုံးသာထုတ်ဝေကြောင်း ထိုင်ကိုယ်စားလှယ်များထံမှ သိရသည်။ **(NEJ 040209)**
- နိုင်ငံရေးအမှုဖြင့် အကျဉ်းကျနေသူများကို ကူညီထောက်ပံ့မှုများပြုလုပ်ပါက ဖမ်းဆီးအရေးယူ ထောင်ချမှုများပြုလုပ်မည်ဟု အာဏာပိုင်များက ခြိမ်းခြောက်နေကြောင်း ခြိမ်းခြောက်ခံရသူ၏ဇနီးတစ်ဦးက ပြောသည်။ **(NEJ 040209)**
- ကြေးစင်တောင်၊ စပယ်တောင်တို့တွင် လုပ်ကိုင်နေသော မြန်မာ–ကနေဒါဖက်စပ်ကြေးထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် ဝန်ထမ်းဦးရေလျှော့ချခဲ့ကြောင်း၊ မြန်မာ့သြဘာစိုက်ပျိုးရေးဆေးကုမ္ပဏီမှလည်း ယခင်လပိုင်းအတွင်း ဝန်ထမ်း(၇၀)ဦးထက်မနည်း လျှော့ချခဲ့ကြောင်း လျှော့ချခံဝန်ထမ်းများက ပြောသည်။ **(NEJ 040209)**
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**၏ ၂၀၀၉ ခုနှစ်ဆန်းပိုင်းခရီးစဉ်ကို အနှစ်ချုပ်ကြည့်လျှင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးကိစ္စအား ဒေါ်အောင်ဆန်းစုကြည်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များက မစ္စတာ **Ibrahim Gambari**ကို အလေးထားတင်ပြခဲ့ကြောင်း တွေ့ရှိရသည်။ **(NEJ 040209)**
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**၏ ၂၀၀၉ ခုနှစ်ဆန်းပိုင်းခရီးစဉ်တွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံအပေါ် အမေရိကန်စီးပွါးရေးဒဏ်ခတ်မှု၊ စစ်ခေါင်းဆောင်များကို ဗီဇာဒဏ်ခတ်မှုတို့ ရုတ်သိမ်းမှုသာ မြန်မာ့နိုင်ငံရေးတည်ငြိမ်မည်ဟု မစ္စတာ **Ibrahim Gambari**အား အကျပ်ကိုင်ပြောဆိုခဲ့သည်။ **(NEJ 040209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လုပ်ငန်းများအရှိန်မြှင့်ရန် ရန်ကုန်တိုင်းစည်းအဖွဲ့ဝင်များ ယနေ့ ဆွေးနွေးကြပြီး အဖွဲ့ချုပ်ဗဟိုမှ ထုတ်ပြန်သည့် ၁/၀၉ ကိုကြိုဆိုထောက်ခံကြောင်းနှင့် ယင်းထောက်ခံချက်ကို လက်မှတ်ရေးထိုးပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ ပေးပို့မည်ဖြစ်သည်ဟု ရန်ကုန်တိုင်း အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။ **(DVB 040209)**
- ပခုက္ကူမြို့တွင် စက်မှုသင်တန်းကျောင်းဖွင့်ရေး၊ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းကျောင်းဖွင့်ရေး၊ ရန်ကုန်တွင် စီးပွါးရေးလုပ်ငန်းရှင်များအတွက် စင်တာတစ်ခုဖွင့်ရေး၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် နယ်စပ် မိုးရေးမြို့မှ မန္တလေးအထိ အင်တာနက်ဖိုင်ဘာကြိုးသွယ်ရေးအစည်ကိစ္စ(၄)ရပ်အတွက် အိန္ဒိယ ဒု–သမ္မတ မိုဟက်မက်အန်ဇာရီသည် မြန်မာနိုင်ငံသို့ (၄)ရက်ကြာခရီးသွားရောက်ပြီး နအဖ ဒု–ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်တွေ့ဆုံစကားပြောမည်ဟု အိန္ဒိယနိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန်သည်။ **(DVB 040209)**
- ၂၀၁၀ ရွေးကောက်ပွဲကြောင့် ရပ်ရွာစည်းလုံးမှုပြိုကွဲနိုင်သည်အတွက် မည်သည့်ပါတီကိုမျှလက်မခံကြရန် မကွေးတိုင်း ရေနံချောင်းမယကမှ ဦးဆောင်ပြီး ရယကများနှင့် ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့)အသင်းဝင်များက ယခင်လလယ်ကတည်းက တစ်ရွာဝင်တစ်ရွာထွက် လိုက်လံပြောဆိုနေကြောင်း သိရသည်။ **(DVB 040209)**
- နိုင်ငံရေးအကျဉ်းသားများလွှတ်ရေးအပါအဝင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**၏ တောင်းဆိုချက်များအားလုံးကို မြန်မာစစ်အစိုးရက မလိုက်လျောနိုင်ဘူးဟု ယမန်နေ့တွင် မစ္စတာ **Ibrahim Gambari**နှင့်တွေ့ဆုံစဉ် ဗိုလ်မှူးချုပ် ကျော်ဆန်း၏တုန့်ပြန်ချက်များကို ယနေ့ထုတ် နအဖပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ **(DVB 040209)**
- ပဲခူးတိုင်း ကျောက်တံတားမြို့နယ်အတွင်း တရားစီရင်ရေးကိစ္စများတွင် မြို့နယ်မယကဥက္ကဋ္ဌ ဦးမျိုးတင့်က ဝင်ရောက်စွက်ဖက်နေပြီး ဖိအားပေးမှုများပြုလုပ်နေသည့်အတွက် နစ်နာမှုများရှိနေကြောင်း ကာယကံရှင်များက ပြောသည်။ **(DVB 040209)**
- ယမန်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့တွင် ထိုင်းနိုင်ငံသား(၁,၀၀၀)ခန့်က ဆန္ဒပြပြီးသည့်နောက် ဒု–ဝန်ကြီးချုပ် **Mr. Suthep Thaumsuban** က ရိုဟင်ဂျာလူမျိုးများအားလုံးကို ပြန်ပို့မည်ဟု ယနေ့ ပြောဆိုလိုက်သည်။ **(RFA 040209)**
- နအဖစစ်အစိုးရမှကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ပြတ်ပြတ်သားသားဆန့်ကျင်သွားကြရန် လှုံ့ဆော်သည့် ပိုစတာကပ်လှုပ်ရှားမှုတစ်ခုကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(RFA 040209)**

- နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခံထားရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နအဖက ခန့်အပ်ထားသည့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့်တွေ့ဆုံရန် ငြင်းဆိုခဲ့သည်ဟု နအဖပိုင် ရုပ်မြင်သံကြားက ယမန်နေ့က စွပ်စွဲပြောဆိုလိုက်သည်။ **(RFA 040209)**
- ပင်လယ်ရေပြင်မှကယ်တင်ခဲ့သော ရိုဟင်ဂျာများအား ဒုက္ခသည်အဖြစ်လက်မခံဟု အိန္ဒိယမှဆိုကာ ပြန်ထွက်ခွာစေရန် စီစဉ်နေသည်။ **(Mizzima 040209)**
- အာဆီယံသည် ရိုဟင်ဂျာစသည့် မြန်မာမှဒုက္ခသည်များအရေးနှင့်ပတ်သက်၍ နအဖအားဖိအားပေးသင့်ကြောင်း **Sai Wansai** မှ ရေးသားသည်။ **(Nation/ VOB 040209)**

ဖေဖော်ဝါရီလ (၅)ရက်

- ဇူလိုင်လအတွင်းက ထုတ်ဝေခဲ့သည့် **News Watch** ဂျာနယ်ပါ တရားရုံးဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်သည့် သတင်းတစ်ပုဒ်ကြောင့် နိုဝင်ဘာလ(၆)ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် **News Watch** ဂျာနယ်အယ်ဒီတာ ဦးခင်မောင်အေးနှင့် သတင်းထောက် မနော၁ထွန်းတို့ နှစ်ဦး ယမန်နေ့က ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။ **(NEJ 050209)**
- မလေးရှားနိုင်ငံ အခြေစိုက် **Sanburm Air Transport** ကုမ္ပဏီက အဲပုဂံလေယာဉ်တစ်စီးကို အသုံးပြုပြီး ရန်ကုန်– ကွာလာလမ်ပူ– ရန်ကုန် ခရီးစဉ်ကို တစ်ပတ် (၂)ကြိမ်ပြေးဆွဲမည်ဖြစ်ကြောင်း လက်မှတ်အရောင်းကိုယ်စားလှယ် ရထားသူ **Sun Far** လေယာဉ်လက်မှတ်အရောင်းဌာနမှ အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။ **(NEJ 050209)**
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**အား နအဖ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောဆိုချက်များကိုကြည့်လျှင် ကုလသမဂ္ဂ၏ကမ်းလှမ်းချက်များကို အနုနည်းဖြင့် ငြင်းပယ်ခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခွင့်တောင်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ရာဇသံပေးသည့် သဘောဆောင်သည်ဟု အတိုက်အခံအချို့က ယုံကြည်သည်။ **(NEJ 050209)**
- ကွန်ပြူတာစနစ်တစ်ခုလုံးကို မြန်မာဘာသာဖြင့်အသုံးပြုနိုင်သည့် မိုင်မြန်မာယူနီကုတ် ဆစ်စတမ် ၂၀၀၉ စီဒီကို မြန်မာပြည်တွင်း အိုင်တီကုမ္ပဏီတစ်ခုက စတင်ဖြန့်ချိရောင်းချနေကြောင်း သိရသည်။ **(DVB 050209)**
- **Change New Government(CNG )**ဟု ရေးသားထားသည့် စာများကို ရန်ကုန်မြို့၏ လူစည်ကားရာနေရာများတွင် မျိုးဆက်သစ်လူငယ်များအစည်းအရုံး**Generation Wave**က ယနေ့နံနက်တွင် ဖြန့်ဝေသည်ဟု ယင်းအဖွဲ့ဝင်များက ပြောသည်။ **(DVB/ RFA 050209)**
- အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချခံထားရသည့် ၂၀၀၇ ဗကသကျောင်းသားခေါင်းဆောင် ဒီငြိမ်းလင်းကို တောင်ဒဂုံမြို့နယ်တရားရုံးက မတရားအသင်းဖွဲ့စည်းမှုဖြင့် ယမန်နေ့က နောက်ထပ်ထောင်ဒဏ်(၅)နှစ်ချမှတ်လိုက်ပြီး စုစုပေါင်း ထောင်ဒဏ်(၁၅)နှစ်ခွဲ ရှိပြီဖြစ်ကြောင်း သိရသည်။ **(DVB 050209)**
- နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဘိုကလေးမြို့တွင် လူသေအလောင်းများကို လိုက်လံကောက်ယူသဂြိုဟ်ပေးခဲ့သည့် ၂၀၀၇ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ(ဗကသ) ကျောင်းသားများဖြစ်သည့် မဖြိုးဖြိုးအောင်၊ ကိုရှိန်းရာဇာထွန်း၊ ကိုအောင်သန့်ဇင်ဦး(ဂျိမ်း)၊ ကိုအောင်ကျော်ဆန်း၊ ကိုဖုန်းပြည့်ကြွယ်နှင့် မဖြိုးဖြိုးအောင်၏ဖခင် ဒေါက်တာနေဝင်းတို့ကို အင်းစိန်ထောင်အထူးတရားရုံးတွင် မတရားအသင်းဖွဲ့စည်းမှု ပုဒ်မ–၆–၇၊ နိုင်ငံတော်တည်ငြိမ်မှုကို ထိခိုက်စေမှု–၅၀၅(ခ)၊ ဥပဒေနှင့်ဆန့်ကျင်သည့် အဖွဲ့အစည်း၌ပါဝင်မှု ပုဒ်မ–၁၄၃၊ ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေး၌ပါဝင်မှု ပုဒ်မ–၁၄၅ တို့ဖြင့် တရားစွဲဆိုလိုက်ပြီဟု သိရသည်။ **(DVB 050209)**
- ဟောလိဝုဒ်မှ နာမည်ကြီး သရုပ်ဆောင်မင်းသမီး၊ မင်းသားများဖြစ်ကြသည့် **Angelina Jolie** နှင့် **Brad Pitt** တို့ ဇနီးမောင်နှံနှစ်ဦးသည် ယမန်နေ့က ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်ရှိ ကရင်နီဒုက္ခသည်စခန်းအမှတ်(၁)သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(RFA 050209)**
- ပဲခူးတိုင်းအနောက်ခြမ်း ပြည်နှင့်ရွှေတောင်ဘက်များရှိ ကြက်ခြံများ၌ ကြက်နာကျနေခြင်းကြောင့် ဒေသတွင်း ကြက်အရောင်းအဝယ်များ ပိတ်ထားကြောင်း သိရသည်။ **(RFA 050209)**
- သီရိလင်္ကာနိုင်ငံ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒု–ဝန်ကြီး ဦးကျော်သူကို ဝန်ထမ်းရေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ယနေ့ထုတ်နအဖသတင်းစာများတွင် ဖေါ်ပြထားကြောင်း တွေ့ရသည်။ **(RFA 050209)**
- ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး ဦးစောလွင်တို့ နှစ်ဦးအား တာဝန်မှ အနားပေးလိုက်သည်ဟု ရန်ကုန်နိုင်ငံရေးနှင့်သံတမန်အသိုင်းအဝန်းတွင် ပြောဆိုနေကြသည်။ **(RFA 050209)**
- နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နာဂစ်မုန်တိုင်းသင့်ဒေသရှိ ပြည်သူများသည် လေပြင်းမတိုက်ခတ်တုန်းက အခြေအနေကို ပြန်ရောက်ပြီဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ**Ibrahim Gambari**ကို ပြောလိုက်သည်မှာ အချက်အလက်အမှားပေးလိုက်ခြင်းဖြစ်သည်ဟု ဧရာဝတီတိုင်း ဘိုကလေးမြို့ဒေသခံတစ်ဦးက ပြောသည်။ **(DVB 050209)**
- တောင်သူလယ်သမားများ၏အခက်အခဲများကို ကူညီဖြေရှင်းပေးနေသည့် မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေးကျေးရွာမှ ကိုသန်းစိုးကို နယ်မြေခံရဲအထူးသတင်းတပ်ဖွဲ့က ဖိအားပေးခြိမ်းခြောက်နေသည်ဟု ကိုသန်းစိုး၏မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(DVB 050209)**

- ရန်ကုန် **Archdiocese** ဘုရားကျောင်းမှ အခမဲ့နယ်လှည့်ဆရာဝန် ဆရာမများဖြင့် စတင်ကုသပေးနေ၍ ရန်ကုန်တဝိုက်ရှိသူရှိသား များ ဝမ်းသာနေကြကြောင်း သိရသည်။ **( UCAN / VOB 050209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လုပ်ငန်းများအရှိန်မြှင့်တင်ရန် ရန်ကုန်တိုင်းဥက္ကဌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်ဦးစီး၍ စည်းရုံးရေးအဖွဲ့ဝင်များ ယနေ့ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(DVB 050209)**
- ယခုလ(၁)ရက်နေ့တွင်ပြုလုပ်သည့် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏သမီးမင်္ဂလာဆောင်သို့ ကင်မရာများခွင့်မပြုကြောင်းနှင့် မင်္ဂလာ လက်ဆောင်များတွင်ဇိမ်ခံကားများ၊ ဒေါ်လာသန်း ၅၀ တန်အိမ်မြေများပါကြောင်း ကြားသိရသည်။**(Irrawaddy 050209)**
- အိန္ဒိယနိုင်ငံ ဒု–သမ္မတ **Ansai** သည် မြန်မာနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ရေးနှင့် ပခုက္ကူတွင် စက်မှုဒေသတည်ရန် မှတ်တမ်း (၂)ခုတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(ANI/ VOB 050209)**
- စေတုတ္တရာမြို့နယ်ထဲ၌ နအဖသည် တင့်ကားများပါထုတ်လုပ်နိုင်သည့် လက်နက်စက်ရုံသစ်တစ်ခုကို စစ်တပ်အရာရှိဟောင်းများပါဝင် သည့် ချမ်းအေးဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်နေသည်မှာ တစ်ဝက်နီးပါးလောက်ပြီးစီးသွားပြီဟု သိရသည်။ **(Mizzima 050209)**
- မြန်မာမှဒုက္ခသည်များ အထူးသဖြင့်ရိုဟင်ဂျာများအား ကြပ်မတ်ရန် မဲဟောင်ဆောင်နယ်စပ်အား အာဏာပိုင်များမှ ညွှန်ကြားထား ကြောင်း သိရသည်။ **(TNA/ VOB 050209)**
- တချိန်က ကမ္ဘာ့စပါးကျီဟုခေါ်တွင်သည့် မြန်မာနိုင်ငံတွင် ယခု လူဆယ်ဦးလျှင်တစ်ဦး ထမင်းမဝကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာ စာတမ်းမှ ဆိုသည်။ **( Reliefweb / VOB 050209)**

ဖေဖော်ဝါရီလ (၆)ရက်

- ၂၀၁၀ ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းများတွင် အသုံးချရန်အတွက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံမှ ညွှန်ကြားရေးမှူးနှင့် အထွေ ထွေမန်နေဂျာအဆင့်များ၏ ကိုယ်ရေးရာဇဝင် အချက်အလက်ပေါင်း (၄၀)၊ မိသားစုပါသည့်ကိုယ်ရေးအချက်အလက်ပေါင်း (၄၀)နှင့် ၎င်းတို့၏ငယ်စဉ်ဘဝမှစသည့် ပညာရေးဆိုင်ရာအချက်အလက်ပေါင်း (၁၃)ချက်စသည်တို့ကို အမြန်ပေးပို့ရန် နအဖရုံးမှ တောင်းထား ကြောင်း သိရသည်။ **(NEJ 060209)**
- ဘဏ္ဍာရေးဝန်ကြီးတာဝန်ယူထားသည့် ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ **MPU** ဒုဥက္ကဌ ဒေါ်စန်းစန်းအား လစာမပေးပဲ ရပ်ဆိုင်းထားသည်ဟု သိရသည်။ **(NEJ 060209)**
- ပင်လယ်ပြင်မှတဆင့် အင်ဒိုနီးရှားနိုင်ငံတွင် သောင်တင်နေသည့် ရိုဟင်ဂျာ (၄၀၀)ကျော်ကို ဒုက္ခသည်အဖြစ် ခိုလှုံခွင့်ပေးတော့မည် ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ **(NEJ 060209)**
- ရိုဟင်ဂျာကို မြန်မာတိုင်းရင်းသားဟု မသတ်မှတ်နိုင်ကြောင်း ထိုင်းနိုင်ငံ ဘန်ကောက် မြန်မာသံရုံးယာယီသံရုံးတာဝန်ခံ ဒေါ်အေး အေးမူ က ပြောသည်။ **(NEJ 060209)**
- စစ်ကျန်ဘတ်စ်ကားများအား မြို့တော်အင်္ဂါရပ်နှင့်မညီဟုဆိုကာ ဖေဖော်ဝါရီလ (၂)ရက်နေ့စ၍ ရန်ကုန်မြို့တွင်းသို့ ဝင်ခွင့်မပြုတော့ ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။ **(NEJ 060209)**
- မြန်မာနိုင်ငံကိုရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ဒု–သမ္မတ မိုဟာမက်အန်ဇာရီကို နအဖဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည် တော်တွင် ယနေ့လက်ခံတွေ့ဆုံပြီး နှစ်ဖက်စီးပွါးရေးကိစ္စအချို့ သဘောတူလက်မှတ်ရေးထိုးသည်ဟု အိန္ဒိယ **PTI** သတင်းဌာနက သတင်းထုတ်ပြန်သည်။ **(DVB 060209)**
- ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ဘုန်းကြီးကျောင်းတွင်တည်းခိုသည့် နယ်မှ **HIV/ AIDS** လူနာများကို အာဏာပိုင်များ က မောင်းထုတ်ခဲ့ပြီးနောက် ယခု ယင်းအထဲမှလူနာ(၂၀)ခန့်ကို ဝေဘာဂီဆေးရုံကို ပြန်တက်ခိုင်းနေကြောင်း သိရသည်။ **(DVB 060209)**
- မြန်မာစစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအကြား ကြိုတင်သတ်မှတ်ချက်များမထားပဲ အကျိုးဖြစ်ထွန်းမည့် တွေ့ဆုံဆွေးနွေးမှုများ မြန်မြန်စတင်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **Ban Ki Moon**က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 060209)**
- (၁၇)ကြိမ်မြောက် ရွှေကျင်နာယကဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ရွှေကျင်ဂိုဏ်းဝန်ဆောင်သံဃာတော်များ၊ ဆရာတော် ကြီးများဖြင့် မန္တလေးတောင်ခြေရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးတွင် ယနေ့မှစတင်၍ ယခုလ(၈)ရက်နေ့အထိ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။ **(Mizzima 060209)**
- နအဖ၊ စရဖ ညွှန်ချုပ် ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့၏ လက်နက်ကြီးအချို့ကို ဇန်နဝါရီလ(၁၉)ရက်နေ့က ပန်ဆန်းမြို့တွင် ဝသွေးစည်း ညီညွတ်ရေးတပ်ဖွဲ့**UWSA**က ယာယီဖြုတ်သိမ်းသည့်နောက်ပိုင်း **UWSA**၊ မိုင်းလားတပ်ဖွဲ့နှင့် နအဖတို့အကြား ဆက်ဆံရေးအေးတိ အေးစက်ကျဲလာကာ နှစ်ဘက်စလုံး စစ်ရေးပြင်ဆင်မှု၊ အင်အားဖြည့်တင်းမှု၊ လုံခြုံရေးတင်းကျပ်မှုနှင့် တပ်လှန့်မှုများ ပိုမိုလုပ်ဆောင် လာကြောင်း တရုတ်နယ်စပ်သတင်းရပ်ကွက်က ဆိုသည်။ **(S.H.A.N 060209)**
- နအဖလက်မှပြေးလာသူ ရိုဟင်ဂျာဒုက္ခသည်များအား စောင်မလက်ခံရန် ရုပ်ရှင်မင်းသမီး **Angelina Jollie** မှ ထိုင်းအစိုးရသို့ မေတ္တာ ရပ်ခံသည်။ **( Bloomberg / VOB 060209)**

ဖေဖော်ဝါရီလ (၇)ရက်

- မစ္စတာ **Ibrahim Gambari**၏ ခရီးစဉ်အပြီးတွင် နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေစိစစ်ရေးရုံးတွင် အစည်းအဝေးတစ်ရပ်ကျင်းပကာ နိုင်ငံရေးစာပေများအပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်စပ်လျဉ်းသော စာအုပ်များကိုပါ ထုတ်ဝေခွင့်မပေးရန် တားမြစ်ခဲ့ကြောင်း စာပေစိစစ်ရုံးနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(NEJ 070209)**
- ထောင်ဒဏ်(၁၁)နှစ်ကျခံခဲ့ရသည့် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ထဲမှ အောက်ပါ ကျန်(၁၃)ဦးအား ယှဉ်တွဲပါထောင်သို့ ကြိုတင်အသိပေးခြင်းမရှိပဲ ယမန်နေ့က ပြောင်းရွှေ့ခဲ့သဖြင့် ၎င်းတို့အတွက် မိသားစုများက စိတ်ပူနေကြောင်း သိရသည်။ **(DVB 070209)**

| | |
|---|---|
| (၁) စမ်းချောင်းကိုကိုကြီး(သိန်းသန်းထွန်း) | သံတွဲထောင် |
| (၂) မလေးလေးမွန် | ရွှေဘိုထောင် |
| (၃) ကိုဇော်ထက်ကိုကို | ကျောက်ဖြူထောင် |
| (၄) စောမျိုးမင်းလှိုင်(ဂျိမ်းစ်) | သထုံထောင် |
| (၅) ကိုသော်ဇင်ထွန်း | ရမည်းသင်းထောင် |
| (၆) ကိုအောင်သိုက်စိုး | မန္တလေးထောင် |
| (၇) ကိုချစ်ကိုလင်း | ပခုက္ကူထောင် |
| (၈) ကိုကြည်သန်း | ဖျာပုံထောင် |
| (၉) နန့်နှင်းရည်(မနိုနို) | မအူပင်ထောင် |
| (၁၀)ဒေါ်စမ်းစမ်းတင် | မိတ္ထီလာထောင် |
| (၁၁)မသရဖီသိမ့်သိမ့်ထွန်း | ပြည်ထောင် |
| (၁၂)မအေးသီတာ | ဟင်္သာတထောင် |
| (၁၃)မနင်းမေအောင်(နိုဘယ်အေး) | မုံရွာထောင် |

- ဥရောပရောက် မြန်မာနိုင်ငံသားများ၏ မြန်မာ့အရေး (၆)လတစ်ကြိမ်ဆွေးနွေးသည့် **Forum of Burmese in Europe** အစည်းအဝေးနှင့် မြန်မာ့အရေးလုပ်ရှားသည့် ဥရောပအခြေစိုက် လူမှုအဖွဲ့အစည်းများ၏ နှစ်စဉ်မျက်နှာစုံညီအစည်းအဝေး **European Burma Network**ကို စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ယနေ့ စတင်ကျင်းပပြီး နံနက်ဖြန် အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။ **(DVB 070209)**
- မန္တလေးမြို့တွင် လမ်းဘေးဈေးသည်များကို တစ်ဦးလျှင် တစ်ရက် ကျပ်(၅၀) ကောက်ခံနေခဲ့ရာမှ ယခုလဆန်းမှစ၍ ကျပ်(၂၀၀)အထိ တိုးကောက်နေကြောင်း သိရသည်။ **(DVB 070209)**
- မန္တလေးတိုင်း မြင်းခြံဆေးရုံကြီးတွင် သားဖွါးမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ယုယုဇော်သည် မွေးလူနာတိုင်းကို ဗိုက်ခွဲမွေးပေးနေပြီး ခွဲစိတ်မှုအတွက် ကျပ်(၄)သိန်းကျော်ကုန်ကျမည့်ဖြစ်သည့်အတွက် မွေးလူနာများ အခက်ကြုံနေရကြောင်း သိရသည်။ **(DVB 070209)**
- ရောဝတီတိုင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းသည် ယခင်လ(၂၈)ရက်နေ့တွင် ဟင်္သာတအကျဉ်းထောင်တွင်း စစ်ဆေးနေစဉ် ထောင်ပုံစံပုဆိုးကို သံဃာ့ဝိနည်းနှင့်အညီ သင်းပိုင်လိုစည်းထားသည့် ဦးကေလာသကို တွေ့သွားပြီး ထောင်ဝန်ထမ်းများကို ရိုက်နှက်ခိုင်းခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားမိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(DVB 070209)**
- မန္တလေးတိုင်း ညောင်ဦးထောင်တွင် နိုင်ငံရေးအကျဉ်းသားများကို ခွဲခြားဖိနှိပ်နေသည်ဟု ယင်းထောင်တွင် အကျဉ်းကျနေသည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက်(**HRDP**) အဖွဲ့ဝင် ကိုမျိုးသန့်က ပြောသည်။ **(DVB 070209)**
- ပြီးခဲ့သည့်သီတင်းပတ်က ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသားအချို့ကို ကျောင်းရှေ့တွင်နေသည့် စွမ်းအားရှင်အဖွဲ့ဝင် ဦးအောင်မင်း ဦးဆောင်သည့် ရပ်ကွက်သားအချို့က အဆောင်များထိ ဝင်ရောက်ရိုက်နှက်သည့်အမှုတစ်ခုဖြစ်ပွါးခဲ့ပြီး၊ ပိုင်နက်ကျူးလွန်ဝင်ရောက် ရိုက်နှက်သူများကို သက်ဆိုင်ရာက အရေးယူခြင်းမရှိသည့်အပြင် အရိုက်ခံရသည့်ကျောင်းသားများက ရိုက်နှက်သူများအား ဝန်ချတောင်းပန်လိုက်ရသည်ဟု သိရသည်။ **(RFA 070209)**

ဖေဖော်ဝါရီလ (၈)ရက်

- ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု ကျောင်းတစ်လုံးကျေးရွာမှ ဒေသခံ ဦးဆာလူး(၅၀)ကျော်သည် အာဏာပိုင်းများ၏ အဓမ္မလုပ်အားပေးစေခိုင်းမှုအတွင်း ယခုလ(၆)ရက်နေ့တွင် မြေပိသေဆုံးသွားသည်ဟု ပဲခူးမြို့မှ လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က ပြောသည်။ **(NEJ 080209)**
- ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာ့ဒီမိုကရေစီအင်အားစုများစုပေါင်းပြီး နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးတောင်းဆိုသည့် လူ(၅၀၀)ခန့်ပါဝင်သည့် ချီတက်ဆန္ဒပြပွဲတစ်ခု ယနေ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(NEJ 080209)**

- ဖေဖော်ဝါရီလ(၇)ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်သည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)**UDP**၏ ကြေညာချက်ထဲတွင် ဗဟိုကော်မတီဝင်(၉)ဦး ပါဝင်တိုချဲ့ဖွဲ့စည်းထားကြောင်းနှင့် ယင်းကော်မတီဝင်ထဲတွင် ဝန်ကြီးချုပ်ဦးနု၏သမီး ဒေါ်သန်းသန်းနု၊ ဝန်ကြီးဟောင်းဦးဘဆွေ၏သမီး ဒေါ်နေရီဘဆွေနှင့် ဝန်ကြီးဟောင်းဦးကျော်ငြိမ်း၏သမီး ဒေါ်ချိုချိုကျော်ငြိမ်းတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။ **(RFA 080209)**
- မျိုးဆက်သစ်လူငယ်များအဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (အထက်မြန်မာပြည်–ယာယီ)နှင့် လူထုတစ်ရပ်လုံးအတွက် စတေးခံအကောင်းဆုံးမြေဩဇာအဖွဲ့တို့ ပူးတွဲပြီး ယမန်နေ့ရက်စွဲဖြင့် ပြည်သူလူထုအတွက် ပန်ကြားလွှာတစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 080209)**
- အိန္ဒိယနိုင်ငံ အရှေ့မြောက်နယ်စပ်ရှိ ဒေသခွဲထွက်ရေးသူပုန်များကို မြန်မာပိုင်နက်အတွင်း ခြေကုတ်ယူလှုပ်ရှားခွင့်ပေးမည်မဟုတ်ဟု နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အိန္ဒိယနိုင်ငံ ဒု–သမ္မတ မစ္စတာ ဟာမစ်အန်ဆာရီကို ယနေ့ နေပြည်တော်တွင် ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။ **(RFA 080209)**

ဖေဖော်ဝါရီလ (၉)ရက်

- ရွှေတိဂုံဘုရားအလှူခံပုံးများအား တစ်နှစ်လျှင် သိန်း(၅)ထောင်ဖြင့် ဘာသာခြားတစ်ဦးပိုင် ကုမ္ပဏီတစ်ခုသို့ ကန်ထရိုက်ပေးထားသည်ဟု ပြောဆိုရေးသားနေခြင်းသည် မှန်ကန်မှုမရှိကြောင်း ရွှေတိဂုံဘုရားဂေါပကအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ငြင်းဆိုလိုက်သည်။ **(NEJ 090209)**
- နေပြည်တော်၌ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင်ကျင်းပသည့် အကယ်ဒမီရွှေစင်ဆု ချီးမြှင့်သည့်ပွဲတွင် လုံခြုံရေးအလွန်တင်းကျပ်ထားကြောင်း သိရသည်။ **(NEJ 090209)**
- ယခင် ၁၉၇၁ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကား (၅၆၅)ကား ထုတ်လုပ်ခဲ့၍ တစ်နှစ် ရုပ်ရှင် (၅၆)ကားနှုန်း ထုတ်လုပ်ခဲ့ပြီး လက်ရှိ ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ် (၁၀)နှစ်ကာလအတွင်း စုစုပေါင်းရုပ်ရှင်ဇာတ်ကား (၁၇၆)ကား ထုတ်လုပ်ခဲ့၍ တစ်နှစ်ပျမ်းမျှ (၁၇) ကားခန့်သာရှိ၍ နောက်ပိုင်းနှစ်များတွင် ပိုဆိုးကြောင်း ရုပ်ရှင်အသိုင်းအဝန်းမှ ပြောသည်။ **(NEJ 090209)**
- မြန်မာ့ရုပ်ရှင် အမျိုးသမီးဇာတ်ဆောင်နှင့် ဇာတ်ပို့ဆုကို ယခုနှစ်အတွက် မပေးဘူးဆိုသည့်သတင်းကို ဆုပေးပွဲမစမီ နာရီပိုင်းအလိုတွင် ပွဲလာသူ ရုပ်ရှင်လောကသားများသိရသည်ဟု ဆိုသည်။ **(DVB 090209)**
- ယခုနှစ် ဧရာဝတီမြစ်ရေလျော့နည်းကျဆင်းမှုသည် လွန်ခဲ့သည့်(၅)နှစ်တာအတွင်း အနည်းဆုံးနှစ်အဖြစ် ကျဆင်းလျက်ရှိသောကြောင့် အချို့ဒေသများ (မုန့်လေးတိုင်းနှင့်မကွေးတိုင်းအတွင်းဒေသများ)တွင် ရေယာဉ်များသွားလာရေးကို ယာယီရပ်ဆိုင်းထားရကြောင်း ရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းတစ်ဦးက ပြောသည်။ **(Irrawaddy 090209)**
- ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်ကာကွယ်ရေးအတွက် အမေရိကန်ရေတပ်က အကူအညီပေးရန်အသင့်ရှိသည်ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရစ်ချက်ဘောက်ချာ၏ပြောကြားချက်သည် မြန်မာနိုင်ငံနှင့် ရေပိုင်နက်အငြင်းပွါးမှုကို ရည်ညွှန်းခြင်းဖြစ်သည်ဟု ယနေ့ထုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သတင်းစာအချို့တွင် ရေးသားထားသည်။ **(DVB 090209)**
- ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ) ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုနှင့် ကိုဉာဏ်လင်းအောင်တို့ကို ဗွီဒီယိုအက် ဥပဒေပုဒ်မ–၃၂(ခ)ဖြင့် ထောင်ဒဏ်(၃)နှစ်စီ ယနေ့ ချမှတ်လိုက်ကြောင်း သိရသည်။ **(DVB 090209)**
- အင်းစိန်ထောင်ထဲတွင် သေဒဏ်ကျ မွန်ပြည်သစ်ပါတီဝင် နိုင်ယက္ခ(ခေါ်)နေဝင်းနှင့် ချင်းဂကောင်း(ခေါ်) ကိုမျိုးသွေးတို့နှစ်ဦးကို ပြန်လည်လွှတ်ပေးရန် အတူသေဒဏ်ကျခံရပြီး ပြန်လည်လွှတ်မြောက်လာသည့် လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က နအဖထံတောင်းဆိုလိုက်သည်။ **(DVB 090209)**
- အမျိုးသမီးသရုပ်ဆောင်ဆု တစ်ခုမှ မပါခြင်းကြောင့် အကယ်ဒမီဆုကို အားကိုးပြီး ရောင်စုံဓါတ်ပုံများ ဝေဝေဆာဆာဖြင့် ဂျာနယ်များအပြိုင်အဆိုင်ထွက်ပေါ်လာသော်လည်း ထင်ထားသလောက်မရောင်းရဘူးဟု ရန်ကုန် လမ်းဘေးဂျာနယ်ရောင်းသမားတစ်ဦးက ပြောသည်။ **(DVB 090209)**
- ယခုလ(၃)ရက်နေ့တွင် တာချီလိတ်–ကျိုင်းတုံအတွက် မယန်းဂိတ်၌ ပွိုင့်တူးတူး (၁)လက်၊ **M-16**၊ **AK- 47** များအပါအဝင် လက်နက်မျိုးစုံ (၁၃)လက်နှင့်အတူ ကျည်ကတ်၊ ကျည်ဆံ အများအပြားကို ဂိတ်စောင့်အာဏာပိုင်များက ဖမ်းဆီးရမိပြီး ယင်းဖြစ်စဉ်တွင် တာချီလိတ် နအဖစစ်တပ်မှ အရာရှိများနှင့်ပတ်သက်မှုရှိနေသည်ဟု လားဟူသတင်းရပ်ကွက်က ဆိုသည်။ **(S.H.A.N 090209)**

ဖေဖော်ဝါရီလ (၁၀)ရက်

- မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ထုတ်ပြန်ကြေညာချက်ကို ထောက်ခံခြင်းနှင့် လူထုတစ်ရပ်လုံးပါဝင်လာအောင် နှိုးဆော်ထားသည့် ထုတ်ပြန်ကြေညာချက်များကို လူထုတစ်ရပ်လုံးအတွက် စတေးခံအကောင်းဆုံးမြေဩဇာအဖွဲ့မှ ရဲဘော်များက ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ လမ်းဆုံလမ်းခွများတွင် လိုက်လံကပ်ခြင်း၊ ကြဲချခြင်းများ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။ **(NEJ 100209)**

- ❑ ပြီးခဲ့သည့်လက အကြောင်းပြချက်မရှိပိတ်ပင်ထားသည့် နိုင်ငံရေးအကျဉ်းသားများ၏ ထောင်ဝင်စာတွေ့ခွင့်ကို ယခုလ(၄)ရက်နေ့တွင် နေပြည်တော်ပြည်ထဲရေးဝန်ကြီးဌာနက အကျဉ်းထောင်အသီးသီးကို ဖုန်း–ဖက်စ်ဖြင့်အကြောင်းကြားခဲ့ပြီးနောက် ဖေဖော်ဝါရီလ(၈)ရက် တနင်္လာနေ့မှစ၍ တွေ့ဆုံခွင့်ရခဲ့သော်လည်း ယခင် ထောင်ဝင်စာတွေ့ခွင့်(၂)ကြိမ်အား တစ်ကြိမ်သာခွင့်ပြုတော့မည်ဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသား မိသားစုဝင်အချို့က ပြောသည်။ **(NEJ 100209)**
- ❑ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်အတွင်း ယခုလ(၁၆)ရက်နေ့မှစတင်ကာ မတ်လကုန်အထိ တရားပွဲများမကျင်းပရန် မြို့နယ်မယကရုံးမှ အမိန့်ထုတ်ထားကြောင်း ယင်းမြို့နယ်ရှိ သံဃာတော်တစ်ပါးက မိန့်ကြားသည်။ **(NEJ 100209)**
- ❑ စာပေစိစစ်ရေး၏ညွှန်ကြားချက်ကြောင့် "တော်လှန်ရေးအရှိန်အဟုန်၏အစဉ်အလာအမွေအနှစ်များ" ခေါင်းစဉ်ဖြင့် မြောက်ကိုရီးယား ဝါဒဖြန့်သတင်းတစ်ပုဒ်ကို ဖေဖော်ဝါရီလ (၁၀–၁၆)ရက်နေ့ထုတ် ဖလားဝါးနယူးဂျာနယ် အတွဲ(၅)၊ အမှတ်(၆) စာမျက်နှာ(၁၂)တွင် ဖော်ပြပေးခဲ့ရကြောင်း ဖလားဝါးနယူးဂျာနယ်မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(NEJ 100209)**
- ❑ ချင်းမိုင်မြို့ရှိ ထိုင်းကျောင်းသူတစ်ဦးကို မြန်မာပြည်သား အလုပ်သမား(၂)ဦးက ပြီးခဲ့သည့်စနေနေ့တွင် မတရားပြုကျင့်ပြီး သတ်ဖြတ်ခဲ့သည်ဟု ထိုင်းဘာသာဖြင့်ရေးသားထားသည့် ချင်းမိုင်သတင်းစာ **Chiang Mai News** အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ **(Irrawaddy 100209)**
- ❑ ယခုနှစ်ဆန်းပိုင်းမှစ၍ **UWSA** က 'မြန်မာနိုင်ငံတော် ဝ ပြည်နယ်အစိုးရအထူးအုပ်ချုပ်ရေးဒေသ'ဟု စတင်သုံးစွဲခဲ့ခြင်း၊ ပြီးခဲ့သည့်လကုန်ပိုင်းက ရန်ကုန်ဆိပ်ကမ်းရှိ ကုန်တင်သင်္ဘောတစ်စီးပေါ်မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးများနှင့်ဆက်နွှယ်သူဟု ယူဆရသူတစ်ဦးကို **UWSA**က အကာအကွယ်ပေးထားခြင်းတို့ကြောင့် နအဖကမကျေမနပ်ဖြစ်ပြီး ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်**UWSA** ထိန်းချုပ်ရာဒေသအနီးတွင် ပြီးခဲ့သည့်လလယ်ပိုင်းမှစ၍ တပ်အင်အား(၂,၀၀၀)ခန့် ဖြန့်ချထားသည်ဟု သျှမ်းသံတော်ဆင့် သတင်းဌာနလက်ထောက်အယ်ဒီတာ ဦးစိန်ကြည်က ပြောသည်။ **(Irrawaddy 100209)**
- ❑ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒရပ်ကွက်တွင် ယမန်နေ့ညနေ(၃)နာရီခန့်၌ မီးလောင်ကျွမ်းရာ အိမ်ခြေပေါင်း (၃၀၀)ကျော် ပျက်စီးဆုံးရှုံးသွားကြောင်း မန္တလေးမီးသတ်ဌာနနှင့်ဒေသခံများက ပြောသည်။ **(Irrawaddy/ DVB 100209)**
- ❑ နာဂစ်မုန်တိုင်းနှင့်ပတ်သက်၍ ခံစားမှုများ၊ မြင်တွေ့ကြားသိရသည်များကို လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ ချစ်ဦးညို၊ နေဝင်းမြင့်၊ လွမ်းဝေနိုင်၊ ကိုမျိုး(မြန်မာစာ)အပါအဝင် စာရေးဆရာ (၄၀)ခန့်သည် စာနယ်ဇင်းပေါင်းစုံတွင် ရေးသားတင်ပြခဲ့ကြသည်များကို နှင်းဝေနေဝင်း စာပေတိုက်ကမှစုစည်းပြီး 'မုန်တိုင်းနှင့်လူ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ကြောင်း သိရသည်။ **(DVB 100209)**
- ❑ ဖေဖော်ဝါရီလ(၁၄)ရက်နေ့ ချစ်သူများနေ့တွင် ငြိမ်းချမ်းသည့် ချစ်ခြင်းသင်္ကေတအထိမ်းအမှတ်အဖြစ် နှင်းဆီပန်းများကို ဘုရားကျောင်းကန်များတွင် လှူဒါန်းကြရန်၊ နှင်းဆီပန်းပုံပါသည့် ပို့စကတ်များတွင် ဆုတောင်းမေတ္တာပို့သစာများ ရေးသားဖြန့်ဝေကြရန်နှင့် အသုံးအဆောင်ပစ္စည်းများတွင် ချိတ်ဆွဲတပ်ဆင်ကြရန် မျိုးဆက်သစ်လူငယ်များအစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့်လူထုတစ်ရပ်လုံးအတွက် စတေးခံအကောင်းဆုံးမြေသြဇာအဖွဲ့တို့က တိုက်တွန်းပြောဆိုလိုက်သည်။ **(DVB 100209)**
- ❑ မြန်မာနိုင်ငံတွင် ရှေ့မတိုးနောက်မဆုတ်သာ သောင်တင်နေသည့် နိုင်ငံရေးပဋိပက္ခများသည် တိုင်းရင်းသားအရေးကို ထည့်သွင်းပြောဆိုမှုမလုပ်ဆောင်သရွေ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် **Mon National League for Solidarity(MNLS)**အဖွဲ့က ပြောဆိုလိုက်သည်။ **(Kantarawaddy Times 100209)**
- ❑ အရှေ့တောင်အာရှတွင် ဘိန်းစိုက်ပျိုးမှုတိုးမြင့်လာရာ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရှိရကြောင်း မူးယစ်ဆေးနှင့်ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး **(The U.N. Officce on Drugs and Crime)**က ပြောဆိုလိုက်သည်။ **(Kantarawaddy Times 100209)**
- ❑ နေပြည်တော်ရှိ မြန်မာဗဟိုဘဏ်က ဘဏ်များသို့ လျှို့ဝှက်ဖြန့်ဝေမှာကြားချက်တစ်ခုတွင် (၅၀၀)ကျပ်တန်ငွေစက္ကူအတုများ ဈေးကွက်အတွင်း ပျံ့နှံ့နေကြောင်းနှင့် အတုနှင့်အစစ်ကို စိစစ်နိုင်ရန် အချက်(၈)ချက်ကို ဖော်ပြထားသည်။ **(Mizzima 100209)**
- ❑ မြန်မာခေတ်စမ်းစာပေပညာရှင် ဆရာမင်းသုဝဏ် ရာပြည့်အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးထွန်းလင်းခြံလမ်း၊ သပြေညိုတိုက် (၁)ရှိ ဆရာခေါင်းချခဲ့သည့်နေအိမ်တွင် ယနေ့နံနက်ကျင်းပခဲ့ကြောင်း သိရသည်။ **(DVB 100209)16,310**
- ❑ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင်တည်ထားသည့် ရွှေတိဂုံပုံစံတူစေတီကို ထီးတင်ပွဲကျင်းပရာတွင် နအဖ သာသနာရေးဝန်ကြီးဌာနက အဆင့်မြင့် အရာရှိများ၊ နအဖသံရုံးဝန်ထမ်းများ၊ မြန်မာ့ရုပ်မြင်သံကြားအဖွဲ့ဝင်များအပါအဝင် မြန်မာနိုင်ငံက လူ(၄၀၀)ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(DVB 100209)**
- ❑ မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့တွင် မကျင်းပရန် အာဏာပိုင်များက ပိတ်ပင်ခဲ့သည်ဟု ရန်ကုန်မြို့မှ မွန်အမျိုးသားနေ့ကျင်းပရေးပွဲစီစဉ်သူတစ်ဦးက ပြောသည်။ **(DVB 100209)**

## ဖေဖော်ဝါရီလ (၁၁)ရက်

- ❑ နေပြည်တော် ဉပ္ပါတသန္တိစေတီတော်ကြီး ဒုတိယအဆင့် ဌာပနာလှူဒါန်းပွဲကို နေပြည်တော်တွင်ကျင်းပခဲ့ကြောင်း မြန်မာစစ်အစိုးရသတင်းစာများကဖော်ပြနေသော်လည်း အဆိုပါစေတီတော်အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပေါင်းလပြည့်နေ့ထီးတင်ပြီးသည်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏စစ်အစိုးရ ကျဆုံးမည့်နေ့ဖြစ်သည်ဟု အမေရိကန်နိုင်ငံရောက်ရှိနေသည့် ရခိုင်ပြည်လုံးဆိုင်ရာသံဃာ့အဖွဲ့အစည်းအထွေထွေအတွင်းရေးမှူး ဆရာတော် ဦးပညာသာမိက ဟောကိန်းထုတ်လိုက်သည်။ **(NEJ 110209)**

- ဥပ္ပါတသန္တိစေတီတော်ကြီး၏ ကွန်ကရစ်စေတီလုံးအတွက် မကွေးကုမ္ပဏီ၊ ညောင်ရမ်းကုမ္ပဏီနှင့် ဆန်းမစ်ကုမ္ပဏီ၊ စေတီထောင့်လေးထောင့်မှ ဓါတ်လှေကား(၄)ခုအတွက် **OTIS** ကုမ္ပဏီ၊ ဓါတ်လှေကားစောင်းတန်းအတွက် ရွှေဗိမာန်ဆောက်လုပ်ရေးနှင့် မြန်မာမှုအဖွဲ့တို့က တာဝန်ယူဆောက်လုပ်နေပြီး အမြန်ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်း (၅,၀၀၀)ကျော်နှင့် နေ့ရောညပါ လုပ်ကိုင်နေသည်ဟု သိရှိရသည်။ **(NEJ 110209)**
- မကွေးတိုင်း ငါးရုန်တောင်၊ ဆူးဝင်း၊ ဝတောင်၊ နှောပင် စသည့် ရေနံမှော်များမှ တွင်းပိုင်များအနေဖြင့် အာဏာပိုင်များနှင့်ပတ်သက်သော ကုမ္ပဏီများ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို မခံနိုင်ကြတော့သဖြင့် ယခုရက်ပိုင်းအတွင်း တွင်းနုတ်နေကြပြီဖြစ်ကြောင်း တွင်းပိုင်အချို့က ပြောသည်။ **(NEJ 110209)**
- ၎င်း၏အထူးအကြံပေးအရာရှိ မစ္စတာ **Ibrahim Gambari**သည် ပြီးခဲ့သည့်မြန်မာနိုင်ငံခရီးစဉ်အတွင်း စစ်အစိုးရဝန်ကြီးချုပ်၊ အတိုက်အခံခေါင်းဆောင်တို့နှင့် အဆင်ပြေကောင်းမွန်သည့် ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့သည်ဟု ယမန်နေ့တွင် ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်သည့် လစဉ်သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပြောကြားလိုက်သည်။ **(Irrawaddy 110209)**
- မကြာမီရက်ပိုင်းအတွင်းမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံနယ်ဘက်သို့ ကင်းထောက်လေယာဉ်များနှင့် ပျံသန်းစောင့်ကြည့်မှုပိုမိုပြုလုပ်လာပြီး မြန်မာဘက်ကလည်း နယ်စပ်အနီးတွင် တပ်အင်အားတိုးထားသည်ဟု ဘင်္ဂလားဒေ့ရှ်အခြေစိုက် နိရဉ္စရာသတင်းဌာနအယ်ဒီတာ ခိုင်မြတ်ကျော်က ပြောသည်။ **(Irrawaddy 110209)**
- နာဂစ်မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးနှစ်ကြာမြင့်မည်ဖြစ်ပြီး ဒေါ်လာ(၆၉၁)သန်း ကုန်ကျမည်ဟု သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ယခုလ(၉)ရက်နေ့တွင်ပြုလုပ်သည့် ဘန်ကောက်မြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ **(Irrawaddy 110209)**
- နိုင်ငံရေးအကျဉ်းသားများလွတ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မလေးရှားဌာနခွဲမှဦးစီး၍ ကွာလာလမ်ပူမြို့ရှိ နအဖသံရုံးရှေ့တွင် ယနေ့နံနက်၌ ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(DVB 110209)**
- မတ်ပဲအပါအဝင် ကောက်ပဲသီးနှံဈေးကွက်တွင် ပမာဏအများဆုံး ထုတ်လုပ်ရောင်းဝယ်သည့် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင်ပမာဏအများဆုံး ထုတ်လုပ်ရောင်းဝယ်သည့် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် လက်ရှိဈေးကွက်ကို ဦးဆောင်နေသည့် ပဲစဉ်းငုံဈေးကျ၍ ကျန်သည့်သီးနှံများပါ ဈေးကျပြီး အရောင်းအဝယ်အေးနေသည်ဟု မုံရွာမှကုန်သည်တစ်ဦးက ပြောသည်။ **(DVB 110209)**
- ရန်ကုန်တိုင်း သာကေတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် မချိုနှင့်မသီဂီ တို့၏ အင်းစိန်ထောင်တရားရုံး ယနေ့ ရုံးချိန်းတွင် သူမ၏ရှေ့နေ ဦးမြင့်သောင်းကို အာဏာပိုင်များက ဝင်ခွင့်မပေးသည့်အတွက် ရှေ့နေမပါပဲ အမှုရင်ဆိုင်ခဲ့ရသည်ဟု အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(DVB 110209)**
- ပြည်ပရောက် ဒီမိုကရေစီရရှိရေးဆောင်ရွက်သူများအချင်းချင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြပါရန် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးလှုပ်ရှားနေသည့် အင်္ဂါဝတ်ပြဆုတောင်းသူများက မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ **(DVB 110209)**
- ယခုနှစ်ဆန်းပိုင်းမှစ၍ ကရင်နီ(ကယား)ပြည်နယ် ကယန်းဒေသတွင် အကောက်အခွန်များ တိုး၍ကောက်နေသည့်အတွက် ဒေသခံများ စားဝတ်နေရေးအခက်အခဲဖြစ်နေကြောင်း ကယန်းဒေသခံများက ပြောသည်။ **(Kantarawaddy Times 110209)**
- မြန်မာ့နိုင်ငံရေး ဖြေရှင်းရာတွင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအရေးကြီးပုံကို ပြည်သူများပိုမိုသိရှိနိုင်ရန်အတွက် ရှင်းလင်းတင်ပြသည့် လှုပ်ရှားမှုကို မန္တလေးတိုင်း မြို့နယ်အချို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များက စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ **(Mizzima 110209)**
- ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**NLD**နှင့် တိုင်းရင်းသားလူမျိုးစုများနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ကျင်းပပြုလုပ်မှသာလျှင် မြန်မာနိုင်ငံတွင် စစ်မှန်သောပြည်ထောင်စုစိတ်ဓါတ်ကို ပြန်လည်ရှင်သန်စေမည်ဟု ပြည်ပရောက်တိုင်းရင်းသားလူမျိုးများကောင်စီ**ENC**က ပြောဆိုလိုက်သည်။ **(Mizzima 110209)**
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား မူဆလင် (၂၆)ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့က မြန်မာနိုင်ငံသို့ ပြန်လည်နှင်ထုတ်လိုက်ကြောင်း သိရသည်။ **(Narinjara 110209)**
- ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ လယ်သမားအချို့သည် ၎င်းတို့ပိုင် လယ်ယာမြေများကို စစ်တပ်ထံမှ စပါးပေးဖြင့် ပြန်ငှားရပြီး လုပ်ကိုင်နေရသည်ဟု လယ်သမားတစ်ဦးက ပြောသည်။ **(Narinjara 110209)**
- မကြာသေးခင်က စတင်သုံးစွဲခွင့်ပြုထားသည့် တစ်ခါသုံးဖုန်းကတ်များကို ရန်ကုန်တွင် အတုလုပ်ရောင်းမှုများ ဖြစ်နေကြောင်း သိရသည်။ **(DVB 110209)**
- နာဂစ်မုန်တိုင်းဘေးတွင် ကူညီခဲ့သူ ၂၀၀၇ ဗကသကျောင်းသား မဖြိုးဖြိုးအောင်၊ သူမ၏ဖခင် ဒေါက်တာနေဝင်း၊ ကိုရှိန်းရာဇာထွန်း၊ ကိုအောင်သန့်ဇင်ဦး(ဂျိမ်း)၊ ကိုအောင်ကျော်ဆန်း၊ ကိုဖုန်းပြည့်ကြွယ်၊ မရင်ရင်ဝိုင်း၊ မတင်တင်ချို၊ မနီမိုးလှိုင်နှင့် ကိုမြတ်သူတို့ကို ရှေ့နေမပါပဲ အင်းစိန်အထူးတရားရုံး၌ ယမန်နေ့က ရုံးထုတ်ခဲ့ကြောင်း သိရသည်။ **(DVB 110209)**
- နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု အပါအဝင် အမှု (၃)ခုဖြင့် တရားစွဲထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပုနှင့် ဒေါက်တာတင်မင်းထွတ်တို့ကို ယခုလ(၆)ရက်နေ့တွင် ရှေ့နေမပါပဲ ရုံးထုတ်ခဲ့သည်ဟု တရားရုံးချုပ်ရှေ့နေ ဦးကျော်ဟိုးက ပြောသည်။ **(DVB 110209)**

ဖေဖော်ဝါရီလ (၁၂)ရက်

- ကေအန်ယူမှ ခွဲထွက်ခဲ့သော်လည်း ကေအန်ယူ၊ ဒီကေဘီအေအဖွဲ့များနှင့် မိမိတို့ ပူးပေါင်းပြီး ကရင်အမျိုးသားများ စည်းစည်းလုံးလုံး ဖြစ်ရန် မျှော်လင့်ကြောင်း စစ်အစိုးရနှင့်ပူးပေါင်းသွားသည့် **KNU- KNLA** ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ယဉ်နုက ပြောသည်။ **(NEJ 120209)**
- ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီး၏ လမ်းများကို ရန်ကုန်မြို့တော်ဝန်က ကြံ့ဖွံ့အသင်းဝင်သူများသည် ရပ်ကွက်ကိုသာ ဦးစားပေး ပြင်ဆင်ကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ **(NEJ 120209)**
- မလေးရှား–ထိုင်းနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခံရသော မြန်မာအလုပ်သမားများကို မလေးရှားလူဝင်မှုကြီးကြပ်ရေးမှ ဝန်ထမ်းများက လူကုန်ကူးပွဲစားများနှင့် နယ်စပ်ရှိလူမိုက်ဂိုဏ်းများလက်ထံ တဆင့်ခံရောင်းစားနေကြပြီး လူပွဲစားများကလည်း အမျိုးမျိုးခြိမ်းခြောက်ကာ ပိုက်ဆံမပေးနိုင်သူများကို ပြန်လည်ရောင်းစားနေကြကြောင်း သိရသည်။ **(NEJ 120209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးလှုပ်ရှားမှု စတင်လိုက်ပြီးဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာဝင်းနိုင်က ပြောသည်။ **(NEJ/ DVB 120209)**
- ပြင်ပလောင်စာဆီဈေးနှုန်း ကျဆင်းလာနေသော်လည်း အစိုးရလောင်စာဆီဈေး ချပေးမှုမရှိခြင်း၊ လမ်းတံတားကြေး များပြားနေခြင်းတို့ကြောင့် ကားခများ သိသာစွာချပေးနိုင်ခြင်းမရှိဟု ဘုရင့်နောင်အဝေးပြေးဝင်းမှ ရန်ကုန်–မန္တလေး ကားဂိတ်ပိုင်တစ်ဦးက ပြောသည်။ **(NEJ 120209)**
- နံနက်ဖြန် ဖေဖော်ဝါရီ(၁၃)ရက်နေ့တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေစက္ကူပေါ်တွင် ဗိုလ်ချုပ်ပုံကို ရိုက်နှိပ်ဖြန့်ဝေသည့် လှုပ်ရှားမှုပြုလုပ်နေကြောင်း မျိုးဆက်သစ်လူငယ်များအစည်းအရုံး **Generation Wave**အဖွဲ့က ပြောသည်။ **(Irrawaddy 120209)**
- ကရင်အမျိုးသားအစည်းအရုံး **KNU**မှခွဲထွက်သွားသော တပ်မဟာ(၇) တပ်မဟာမှူးဟောင်း ဗိုလ်မှူးချုပ်ထိန်မောင်ဦးဆောင်သည့် ငြိမ်းချမ်းရေးကောင်စီအဖွဲ့သည် နယ်ခြားစောင့်ပြည်သူ့စစ်အဖွဲ့အဖြစ် အသွင်းပြောင်း၍ ဘုရားသုံးဆူဒေသတွင် တာဝန်ယူရမည်ဟု မွန်ပြည်သစ်ပါတီမှ ဗိုလ်မှူးဉာဏ်ထွန်းက ပြောသည်။ **(Irrawaddy 120209)**
- ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်ရေးဆိုသည့် မျှော်မှန်းချက်သည် တကယ်တန်းဖြစ်ပေါ်လာပြီလားဆိုသည်ကို ပြန်လည်ဆန်းစစ်ရန်လိုပြီဟု ယနေ့ထုတ်ပြန်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၆၂)ကြိမ်မြောက်ပြည်ထောင်စုနေ့ အထူးကြေညာချက်တွင် ဖော်ပြထားသည်။ **(RFA 120209)**
- (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကို မန္တလေးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆက်သွယ်ရေးရုံးအဖြစ် ဖွင့်ထားသည့် ဦးမောင်မောင်သန်းနေအိမ်တွင် ယနေ့နံနက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(RFA 120209)**
- ရေနံချောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ ယနေ့ပြုလုပ်သည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အာဏာပိုင်များဘက်မှ စောင့်ကြည့်မှတ်တမ်းတင်မှုများပြုလုပ်ခဲ့သော်လည်း ဖမ်းဆီးအရေးယူခြင်းများမရှိဟု အဖွဲ့ချုပ်အဖွဲ့ဝင်များက ပြောသည်။ **(RFA 120209)**
- စစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို လက်ရှိ တိုင်းရင်းသားပါတီအဖွဲ့အစည်းများအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု တိုင်းရင်းသားပါတီများဦးဆောင်ပြီး ယနေ့ပြုလုပ်သည့် ပြည်ထောင်စုနေ့ညစာစားပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ**CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(RFA 120209)**
- မြန်မာစစ်အစိုးရနှင့်အပစ်ခတ်ရပ်စဲထားသည့် ရှမ်းပြည်နယ် အထူးဒေသ(၄)မှ ဝပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့**UWSA**နှင့် နအဖစစ်တပ်များအကြား မကြာခင်က တိုက်ပွဲငယ်များဖြစ်ခဲ့သည်ဟု သတင်းများထွက်ပေါ်နေသည်။ **(RFA 120209)**
- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန် ယနေ့ကျရောက်သည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သည့် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့**UNA**၏ ကြေညာချက်ဖြင့် နအဖစစ်အစိုးရထံ တောင်းဆိုထားသည်။ **(DVB 120209)**
- ဂျပန်နိုင်ငံ တိုကျိုမြို့ကို ခေတ္တရောက်ရှိနေသည့် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ **Kachin National Organization(KNO)** အထွေထွေအတွင်းရေးမှူး ဒူးဝါးမခေါ်ခွန်ဆာ၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထွန်းဝင်းတို့က ဂျပန်လွှတ်တော်အမတ်များနှင့် ဖွဲ့စည်းထားသည့် သမဂ္ဂအဖွဲ့ဝင်များကိုတွေ့ဆုံပြီး မြန်မာ့အရေးကို ဂျပန်အစိုးရက ကူညီဆောင်ရွက်စေလိုကြောင်း တင်ပြခဲ့သည်ဟု သိရသည်။ **(DVB 120209)**
- ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ဒီမိုကရေစီအင်အားစုများက နအဖသံရုံးရှေ့တွင် ချီတက်ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(DVB 120209)**
- (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မြန်မာ့ဒီမိုကရေစီအင်အားစုများက ကျင်းပခဲ့ကြောင်း သိရသည်။ **(DVB 120209)**

- ပြည်ထောင်စုနေ့အနှစ်သာရဖြစ်သည့် သာတူညီမျှလူ့ဘောင်ကို မြန်မာစစ်အစိုးရကလက်မခံပဲ ပြည်ထောင်စုအနှစ်သာရမရှိသည့် ၂၀၁၀ ရွေးကောက်ပွဲအား နည်းပေါင်းစုံဖြင့်ဆန့်ကျင်တွန်းလှန်ကြရန် ပြည်ပရောက်အဖွဲ့အစည်းများဖြစ်သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားများနှင့်လူငယ်များအစည်းအရုံးနှင့် ချင်းအမျိုးသားတပ်ဦးတို့က ယနေ့ ကျရောက်သည့် ပြည်ထောင်စုနေ့ကြေညာချက်ဖြင့် တိုက်တွန်းလိုက်သည်။ **(DVB 120209)**
- လက်နက်ကိုင်လူတစ်စုသည် ရှမ်းပြည်(မြောက်ပိုင်း) မူဆယ်–မန္တလေးကုန်သွယ်ရေးလမ်းမကြီးပေါ်တွင် ယခုလ(၁၀)ရက်နေ့၌ ကုန်တင်ကားသမားများထံမှ ငွေတောင်းယူမှုဖြစ်ပွါးခဲ့သည်ဟု လမ်းကြောင်းပေါ်တွင် ပြေးဆွဲနေသော ကားသမားများအပြောအရ သိရသည်။ **(Mizzima 120209)**
- ကချင်ပြည်နယ် ပူတာအိုမြို့နယ် မူလာရှီးဒီးရွာအနီးတွင် ရှားပါးလိပ်ပြာ၊ သစ်ခွဥယျာဉ်နှင့် သားရဲတိရိစ္ဆာန်များပါဝင်မည့် သဘာဝဥယျာဉ်တည်ဆောက်ရန် ဦးတေဇပိုင် ထူးထရေးဒင်းက စီစဉ်နေကြောင်း သိရသည်။ **(Mizzima 120209)**

ဖေဖေါ်ဝါရီလ (၁၃)ရက်

- မြန်မာနိုင်ငံမှဆန်များသည် အရေအသွေးညံ့သည့်တိုင် အာဖရိကမှ အဝယ်လိုက်နေသည့်အတွက် ဇန်နဝါရီမှစ၍ တန်ချိန် (၄၀၀,၀၀၀) ထိ အရောင်းသွက်နေသည်ဟု အာရှဒေသတွင်းရှိ ဆန်ရောင်းဝယ်ရေးအကြိုသမားများက ပြောသည်။ **(NEJ 130209)**
- ယမန်နေ့ ညနေ (၄)နာရီခွဲအချိန်ခန့်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စိန်ပန်းမြိုင် လျှပ်စစ်ဓါတ်အားခွဲစက်ရုံ မီးလောင်ကျွမ်းမှုဖြစ်ပွါးပြီး ထရန်စဖော်မာတစ်လုံးပျက်စီး၍ ကျပ်သိန်း(၃၀၀)ဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း မြို့နယ်လျှပ်စစ်ရုံးတာဝန်ခံတစ်ဦးက ပြောသည်။ **(NEJ 130209)**
- ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်မှ ထိုင်းဘက်သို့ ရှေးဟောင်းပစ္စည်းများ တရားမဝင်တင်သွင်းရာတွင် မြန်မာအာဏာပိုင်များနှင့်ထိုင်းအာဏာပိုင်များကိုလည်း ညှိနှိုင်းထားရကြောင်း၊ ညှိနှိုင်းမှုမရှိပဲခိုးသွင်းပါက ထိုင်းအကောက်ခွန်ဌာနက ပစ္စည်းများသိမ်းယူပြီး ရှေးဟောင်း ပစ္စည်းများဟုတ်မဟုတ် စစ်ဆေးပြီးနောက် တရားဝင်လေလံတင်၍ ပြန်လည်ရောင်းချကြောင်း ရှေးဟောင်းကုန်သည်တစ်ဦးက ပြောသည်။ **(NEJ 130209)**
- ထိုင်းအာဏာပိုင်များက ရိုဟင်ဂျာဒုက္ခသည်လှေများကို ပင်လယ်ပြင်သို့ သင်္ဘောဖြင့်ဆွဲထုတ်ခဲ့သည်မှာ မှန်ကန်ကြောင်း **CNN** သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထိုင်းဝန်ကြီးချုပ် **Abhisit Vejjajiva**က ဝန်ခံပြောဆိုခဲ့သည်။ **(NEJ 130209)**
- ရိုဟင်ဂျာများသည် အခြားလူမျိုးများကဲ့သို့ အခွင့်အရေးများရသင့်သည်ဟု ကမ္ဘာကျော်ဟောလိဝုဒ် မင်းသမီး အန်ဂျလီနာ ဂျိုလီ၏ ရိုဟင်ဂျာများအရေးနှင့်ပတ်သက်သည့် မှတ်ချက်စကားကို ထိုင်းအစိုးရခေါင်းဆောင်များက ဘဝင်မကျဖြစ်နေကြောင်း သိရသည်။ **(Irrawaddy 130209)**
- နအဖအာဏာပိုင်များသည် နေအိမ်အကျယ်ချုပ်ချထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို အကျယ်ချုပ်သက်တမ်း (၁)နှစ် ထပ်တိုးလိုက်သည်ဟု ယမန်နေ့က နေအိမ်သို့ လာရောက်အသိပေးသွားကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ **(DVB 130209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Ojea Quintan**သည် ယခုလ(၁၄)ရက်နေ့မှ (၁၉)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်ကချင်ပြည်နယ်များသို့ပါ သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂရုံးမှ ကြေညာလိုက်သည်။ **(Mizzima 130209)**
- ကမ္ဘာ့စီးပွါးရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံရှိ ကြော်ငြာလုပ်ငန်းများသည် အနည်းဆုံး(၂၅)ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ဟု **21 Advertising** ကုမ္ပဏီမှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်က ပြောသည်။ **(Mizzima 130209)**
- နိုင်ငံသားအက်ဥပဒေချိုးဖေါက်မှုဖြင့် အိန္ဒိယနိုင်ငံ ကလာကတ္တားမြို့ ဒွန်ဒွန်အကျဉ်းထောင်တွင် (၁)နှစ်နှင့်(၄)လကြာထိန်းသိမ်းခံရသည့် မဇ္ဈိမသတင်းထောက် ဦးကျော်မိုးအား ယခုလ(၁၁)ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားဘက်သို့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(Mizzima 130209)**
- တရုတ်–မြန်မာနယ်စပ် မြန်မာဘက်ခြမ်းရှိ မိုင်ဂျာယန်မြို့လေးသို့ တရုတ်နိုင်ငံမှပေးဝေနေသည့် လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများကို ယခုလဆန်းပိုင်းမှစ၍ ဖြတ်တောက်လိုက်သဖြင့် တရုတ်စီးပွါးရေးသမားများ ထောင်နှင့်ချီ၍ မြို့ကိုစွန့်ခွာ တရုတ်ပြည်မကြီးဘက်သို့ ထွက်ခွါသွားနေကြောင်း သိရသည်။ **(Mizzima 130209)**
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာတင်မင်းထွတ်နှင့် ဦးညီပုတို့ကို အင်းစိန်ထောင်တရားရုံးက ယနေ့ညနေ (၄)နာရီခွဲခန့်တွင် ထောင်ဒဏ်(၁၅)နှစ်စီ ချမှတ်လိုက်သည်ဟု ဒေါက်တာတင်မင်းထွတ်၏သား ကိုခိုင်ဝင်းလှိုင်က ပြောသည်။ **(DVB 130209)**
- ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့တွင် ယမန်နေ့ကစတင်ဖွင့်လှစ်လိုက်သည့် ဥပဒေပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)ကို တိုင်းရင်းသားအဖွဲ့အစည်းများမှ လူငယ်သင်တန်းသား(၂၅)ဦး တက်ရောက်သင်ကြားမည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီ**BLC** တွဲဘက်အတွင်းရေးမှူး(၁) ဦးမြင့်သိဏ်းက ပြောသည်။ **(DVB 130209)**
- ကြက်ငှက်များတွင် ပိုးများတွေ့သည်ဆိုသည့်သတင်းများ ပြီးခဲ့သည့်တစ်ပတ်ကျော်မှစပြီး ထွက်ပေါ်နေ၍ ရန်ကုန်မြို့တွင် ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ ဘဲဥများ အရောင်းပါးနေပြီး ဈေးလည်းကျသွားကြောင်း သိရသည်။ **(DVB 130209)**
- မြန်မာစစ်သင်္ဘောများ စစ်တွေမြို့ကို ရောက်နေပြီး ပင်လယ်ပြင်တွင် ရှင်းလင်းဖမ်းဆီးနေခြင်းကြောင့် မြန်မာ–ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုမရှိဘူးဟု နယ်စပ်နေထိုင်သူတစ်ဦးက ပြောသည်။ **(DVB 130209)**

- ယမန်နေ့ကကျရောက်သည့် ပြည်ထောင်စုနေ့အခမ်းအနားကို ပဲခူးတိုင်း ကဝမြို့နယ် ကျောင်းတိုက်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဦးအောင်သိန်း၏နေအိမ်တွင်ကျင်းပပြီး ကဝမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်လွင်က လက်ရှိနိုင်ငံရေးအခြေအနေကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဆွေက ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့်အကြောင်းများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(DVB 130209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်နှင့် ဒဂုံမြို့သစ်တောင်ပိုင်းတို့တွင် ကလေးများနေ့နှင့် ဗိုလ်ချုပ်မွေးနေ့ အခမ်းအနားများ ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။ **(DVB 130209)**
- တိုင်းနှင့် ပြည်နယ်များတွင် ပဲနှင့်ဆန် သီးသန့်အရောင်းအဝယ်ပြုမည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ (**Private Company**) ဖွဲ့စည်းရာတွင် ယခုလ (၄)ရက်နေ့အထိ အဆိုပြုတင်သွင်းသည့် ကုမ္ပဏီပေါင်း ၅၀ ခန့်ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က မြန်မာတိုင်း(မ်)ကို ပြောသည်။ **(The Myanmar Times 13-190209)**
- ဖေဖော်ဝါရီလ ၅ ရက်နေ့မှစတင်သည့် လေးရက်ကြာချစ်ကြည်ရေးခရီးစဉ်အတွင်း မစ္စတာအန်ဆာရီသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်အတွက် ဆွေးနွေးခဲ့သည်။ **(The Myanmar Times 13-190209)**
- လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ပြင်သစ်အခြေစိုက်**AMFA**၏ပံ့ပိုးကူညီမှုဖြင့် တနင်္သာရီတိုင်း မြိတ်ခရိုင် သဇင်ကျွန်းတွင် သဇင်ဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါ ရီလ ၃၁ ရက်က ကျင်းပခဲ့သည်။ **(The Myanmar Times 13-190209)**
- ထူးထရေးဒင်းလက်အောက်ရှိ ခရီးသွားလုပ်ငန်းများအပါအဝင် လုပ်ငန်းစုအားလုံးကိုပူးပေါင်း၍ ထူးဖောင်ဒေးရှင်းဟူသော အမည်ပေးကာ ဒေသအလိုက်ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်း စီမံကိန်းဒါရိုက်တာ ဦးရဲမင်းဦးက ပြောသည်။ **(The Myanmar Times 13-190209)**
- မရွှေ့ပြောင်းနိုင်သောမြေ၊ အဆောက်အအုံ စသည့်ပစ္စည်းများကို အပေါင်အဖြစ်ထားရှိကာ မြို့တော်ဘဏ်က ယခုနှစ်တွင် ကျပ် ၂ ဒသမ ၅ ဘီလျံ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ယခုလ ၅ ရက်နေ့တွင် ပြောသည်။ **(The Myanmar Times 13-190209)**
- နာဂစ်မုန်တိုင်းသင့်ဒေသများတွင် စားနပ်ရိက္ခာဖူလုံရေးစိုက်ပျိုးရေးနှင့် အခြေခံမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာနှစ်သန်း ပေးအပ်သွားရန် သဘောတူ စာချုပ်တစ်ရပ်ကို ဂျိုက်ကာဌာနေကိုယ်စားလှယ် မစ္စတာဟီဒီယို မီယာမိုတိုနှင့် အက်ဖ်အေအိုဌာနေ ကိုယ်စားလှယ် ဒေါက်တာရှင်အိမိုင်း တို့က ဇန်နဝါရီလ ၂၆ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **(The Myanmar Times 13-190209)**
- အာဆီယံဒေသတွင်း ကုန်သွယ်ဖက်နိုင်ငံများအပါအဝင် ဂျပန်နိုင်ငံတို့နှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် ယခင်က ဆောင်ရွက်နေသည့် စာရွက်စာတမ်းများနှင့်ကုန်သွယ်ခြင်းမှ မကြာမီအချိန်တွင် အွန်လိုင်းမှတစ်ဆင့် ပို့ကုန် သွင်းကုန်များကိုပြုလုပ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**(The Myanmar Times 13-190209)**
- ကုန်သွယ်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ **Department of Export Promotion, Ministry of Commerce** တို့ပူးပေါင်းကာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးဘာသာရပ်ဆိုင်ရာ ပထမဆုံးသောသင်တန်းပို့ချခြင်းနှင့် ကုန်ပစ္စည်းလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသွားမည်ဖြစ်သည်။ **(The Myanmar Times 13-190209)**

## ဖေဖေါ်ဝါရီလ (၁၄)ရက်

- ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့**UWSA**သည် အခြေခံဥပဒေကို လက်ခံသော်လည်း ရွေးကောက်ပွဲဝင်ပြိုင်ရေးကို မဆုံးဖြတ်ရသေးဟု **UWSA** ပြောခွင့်ရသူ ဦးအောင်မြင့်က ပြောသည်။ **(DVB 140209)**
- ဘိန်းထုတ်လုပ်မှုကြောင့် ပြစ်တင်ဝေဖန်ခံနေရသည့် ဝပြည်သွေးစည်းညီညွတ်ရေးအဖွဲ့**UWSA** ထိန်းချုပ်ရာ သံလွင်မြစ်အရှေ့တကြောတွင် ဘိန်းစိုက်ပျိုးမှုမရှိတော့ပဲ လုံးဝကင်းစင်သွားပြီဟု ၂၀၀၆ခုနှစ်တွင် ကြေညာထားသည့်အတိုင်း ယခုထက်တိုင် ကင်းရှင်းနေကြောင်း **UWSA** ပြောခွင့်ရသူ ဦးအောင်မြင့်က ပြောသည်။ **(DVB 140209)**
- လူရွှင်တော် ဇာဂနာနှင့်အမှုတွဲတူ အာကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေး၊ ကိုတင်မောင်အေးနှင့်ကိုသန့်ဇင်အောင်တို့၏ အယူခံကို ယမန်နေ့က ရန်ကုန်တရားရုံးကကြားနာပြီး အောက်ပါအတိုင်း ထောင်ဒဏ်များလျှော့ပေါ့ပေးလိုက်ကြောင်း သိရသည်။ **(DVB/ RFA 140209)**

| | | |
|---|---|---|
| (၁) ကိုဇာဂနာ | ယခင် ထောင်ဒဏ်စုစုပေါင်း (၅၉)နှစ် | ယခု (၃၅)နှစ်ကျန်။ |
| (၂) ကိုဇော်သက်ထွေး | ယခင် ထောင်ဒဏ်စုစုပေါင်း (၁၉)နှစ် | ယခု (၁၁)နှစ်ကျန်။ |
| (၃) ကိုတင်မောင်အေး | ယခင် ထောင်ဒဏ်စုစုပေါင်း (၂၉)နှစ် | ယခု (၁၄)နှစ်ကျန်။ |
| (၄) ကိုသန့်ဇင်အောင် | ယခင် ထောင်ဒဏ်စုစုပေါင်း (၁၈)နှစ် | ယခု (၁၀)နှစ်ကျန်။ |

- မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်သည် အစာအိမ်ရောဂါဖြစ်နေသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သော်လည်း စနစ်တကျဆေးကုသခွင့်မရသဖြင့် စိုးရိမ်နေရသည်ဟု သူ၏ဇနီး ဒေါက်တာယုယုမေက ပြောသည်။ **(DVB 140209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုမှထုတ်ပြန်သည့် နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေး ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းသည့်အပေါ် ထောက်ခံသည့်အနေဖြင့် အိန္ဒိယနိုင်ငံတွင်ရောက်ရှိနေသည့် ဒီမိုကရေစီအင်အားစုများအနေဖြင့် ယနေ့ ဂျန်တားမန်တားပန်းခြံတွင် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ **(RFA 140209)**
- ကရင်အမျိုးသားအစည်းအရုံး**KNU** အထွေထွေအတွင်းရေးမှူးဟောင်း ပဒိုမန်းရှာ ကျဆုံးခြင်းတစ်နှစ်ပြည့် အောက်မေ့ဂါဝရပြုအခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေတွင် ကရင်အမျိုးသားအစည်းအရုံး **KNU**၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ**NCUB**နှင့် တိုင်းရင်းသားမဟာမိတ်အဖွဲ့အစည်းများက ယနေ့နံနက်ပိုင်းတွင် နှစ်နေရာခွဲပြီး ကျင်းပခဲ့ကြောင်း သိရသည်။ **(RFA 140209)**
- မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် **Mr. Tomas Quintana** သည် ယနေ့ မြန်မာနိုင်ငံကို ရောက်ရှိခဲ့ကြောင်း သိရသည်။ **(RFA 140209)**
- ၂၀၀၇ ခုနှစ်စက်တင်ဘာအရေးအခင်းတွင် မြန်မာနိုင်ငံ၌အသတ်ခံခဲ့ရသည့် ဂျပန်သတင်းထောက် ခဲန်းဂျိ နာဂအိအတွက် အမှတ်တရသတင်းလွတ်လပ်ခွင့်ဆုကို မြန်မာနိုင်ငံမှ အမျိုးသမီးသတင်းထောက် မအိမ့်ခိုင်ဦးကို ချီးမြှင့်သွားမည်ဟု ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် **AFP** သတင်းဌာနက ဂျပန်သတင်းဌာနကြီးတစ်ခုဖြစ်သည့် ကျိုဒိုသတင်းဌာနကို ပြောကြားလိုက်သည်။ **(RFA 140209)**

## ဖေဖော်ဝါရီလ (၁၅)ရက်

- မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် **Mr. Tomas Quintana** သည် ယနေ့ ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ဘားအံထောင်ကို သွားရောက်ခဲ့သည်ဟု သိရသည်။ **(RFA 150209)**
- ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ယနေ့နေ့လည်ပိုင်း၌ ထိုင်း **NGO** များနှင့် မြန်မာအလုပ်သမားအရေးဆောင်ရွက်နေကြသည့် အဖွဲ့များ အလုပ်သမားမှတ်ပုံတင်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။ **(RFA 150209)**
- စနေ့နေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့ကို ကရင်အမျိုးသားအစည်းအရုံး **KNU** က လက်နက်ကြီး(၄)ချက်ပစ်ခတ်ခဲ့သည်ဟု နအဖပိုင် မြန်မာ့အလင်းသတင်းစာများတွင် စွပ်စွဲရေးသားထားခြင်းသည် မှားယွင်းသည့်စွပ်စွဲချက်ဖြစ်ပြီး ၎င်းတို့အနေဖြင့် မြဝတီမြို့ကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း မရှိခဲ့ကြောင်း အတွင်းရေးမှူး(၁) ဗိုလ်မှူးစောလှငွေက ပြောဆိုလိုက်သည်။ **(RFA 150209)**
- မြောင်မြထောင်မှ ၈၈မျိုးဆက်ကျောင်းသူ မမီးမီး (ခေါ်) မသင်းသင်းအေး၊ သရက်ထောင်မှ ၈၈မျိုးဆက်ကျောင်းသူ မနီလာသိန်းနှင့် ကလေးထောင်မှ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးတို့ကို ပြီးခဲ့သည့်အပတ်ထဲ၌ မိသားစုဝင်များက ထောင်ဝင်စာတွေ့ခွင့်ရခဲ့ကြောင်း သိရသည်။ **(DVB 150209)**

## ဖေဖော်ဝါရီလ (၁၆)ရက်

- မြန်မာနိုင်ငံသို့ (၆)ရက်ကြာခရီးရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ **Tomas Quintana**၏ ၂၀၀၈ ခုနှစ်က စစ်အစိုးရအပေါ် အကြံပေးချက်များ မအောင်မြင်ဟု ရန်ကုန်မြို့မှ ဝါရင့်နိုင်ငံရေးသမားကြီး ဦးမင်းလွင်က ပြောသည်။
  **(NEJ 160209)**
  <u>အကြံပေးချက်များ</u>
  (၁) မြန်မာနိုင်ငံ၏ဥပဒေပြဋ္ဌာန်းချက်များကို အခြေခံဥပဒေသစ်၊ နိုင်ငံတကာတာဝန်ဝတ္တရားများနှင့်အညီပြန်လည်သုံးသပ်ရန်။
  (၂) ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများကို ပြန်လွှတ်ရန်။
  (၃) လက်နက်ကိုင်တပ်ဖွဲ့များနှင့်ပတ်သက်၍။
  (၄) တရားစီရင်ရေးနှင့်စပ်လျဉ်း၍။
- မီးငြိမ်းသတ်ရာတွင် အချိန်မှီ လက်ဦးမှုရယူ၍ ငြိမ်းနိုင်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များအလိုက် မီးသတ်ကားတစ်ဒါဇင်ခန့်ဝယ်ယူရန် ဒေသဆိုင်ရာအာဏာပိုင်များက ပြည်သူထံမှ ပိုက်ဆံကောက်ခံသွားမည်ဆိုခြင်းကြောင့် မြို့ခံများ မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။ **(NEJ 160209)**
- မလေးရှားနိုင်ငံ ဆိုင်ဂမ်ဂလိုနယ်ရှိ အထည်ချုပ်စက်ရုံမှ မြန်မာအလုပ်သမားများအား အကာအကွယ်ပေးခဲ့ခြင်းကြောင့် မြန်မာအလုပ်သမားအခွင့်အရေးကာကွယ်ပေးရေးကော်မတီ**BWRPC**မှ အလုပ်အမှုဆောင်များကို စက်ရုံပိုင်ရှင်၏လူမိုက်များက အသင်းရုံးခန်းအထိ ဝင်ရောက်ရိုက်နှက်ခဲ့ကာ အလုပ်အမှုဆောင်များကို ရဲကလည်းခေါ်ယူစစ်ဆေးလျက်ရှိကြောင်း အလုပ်အမှုဆောင် ကိုရဲမင်းထွန်းက ပြောသည်။ **(NEJ 160209)**
- မြန်မာနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံရုံးမှ ၎င်းတို့၏သမ္မတ မစ္စတာကင်ဂျုံအီးလ်၏ ယခုလ(၁၆)ရက်နေ့တွင်ကျရောက်သော မွေးနေ့ဆုမွန်လွှာကို ပြည်တွင်းသတင်းဂျာနယ်များတွင် ကြော်ငြာအဖြစ် အခပေးထည့်သွင်းရန် ပေးပို့ခဲ့ရာ စာပေစိစစ်ရေးက တစ်စုံတရာဖြတ်ပယ်ခြင်းမပြုပဲ ခွင့်ပြုခဲ့ကြောင်း ရန်ကုန်အခြေစိုက် စာနယ်ဇင်းသမားတစ်ဦးက ပြောသည်။ **(Irrawaddy 160209)**

- မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းလွင်က ယခုလအတွင်း မြန်မာပြည်မြောက်ပိုင်းဒေသများတွင် စိုက်ဆင်းလေပြင်း ကျရောက်နိုင်သဖြင့် လေကြောင်း၊ ရေကြောင်း၊ ခရီးသွားမည့်သူများအထူးသတိထားရန် ရန်ကုန်အခြေစိုက် **The Voice** သတင်းဂျာနယ်တွင် ပြောဆိုချက်ကိုသိရပြီးနောက် နောက်ထပ်ဖြစ်ပေါ်လာမည့် မုန်တိုင်းကြောင့် ဖျာပုံလူထုများအကြား စိုးရိမ်နေကြကြောင်း သိရသည်။ **(Mizzima 160209)**
- ယနေ့ကျရောက်သည့် မြောက်ကိုရီးယားသမ္မတ မစ္စတာ ကင်ဂျုံအီးလ်၏ မွေးနေ့သို့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခြင်းဖြင့် နှစ်နိုင်ငံကြားပြေပြစ်သည့် ဆက်ဆံရေးကို ထပ်မံ၍ထူထောင်လိုက်ကြောင်း ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ **(Mizzima 160209)**
- မြန်မာနိုင်ငံသို့ (၆)ရက်ကြာခရီးရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ **Tomas Quintana**နှင့် သံတမန်အချို့သည် ယနေ့ မွန်းလွဲပိုင်းတွင် အင်းစိန်ထောင်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။ **(Mizzima/ RFA 160209)**
- ဖေဖော်ဝါရီလ(၁၄)ရက် ချစ်သူများနေ့တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ အထက(၃)ကျောင်းရှေ့တွင် အစိုးရဆန့်ကျင်ရေးပို့စကဒ် လှုပ်ရှားမှုပြုလုပ်အပြီး ယနေ့တွင်ပင် အကောင်းဆုံးမြေပြဇာအဖွဲ့ဝင် ကိုအောင်ထက်မင်း၊ ကိုစိုးမင်းထိုက်နှင့် ကိုကျော်ဇင်နိုင်တို့ကို အာဏာပိုင်များက နေအိမ်များမှ လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။ **(RFA 160209)**
- နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုသည့်လှုပ်ရှားမှုများကို တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းအဖွဲ့ဝင်များနှင့်လူငယ်အဖွဲ့ဝင်များပူးပေါင်းပြီး ယခုလ(၁၄)ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(RFA 160209)**
- နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုသည့်လှုပ်ရှားမှုကို ယမန်နေ့တွင်ပြုလုပ်သည့် သာယာဝတီခရိုင်ရှိ (၈)မြို့နယ် အစည်းအဝေးမှဆုံးဖြတ်ပြီး စတင်လုပ်ဆောင်နေပြီးဖြစ်ကြောင်း သိရသည်။ **(RFA 160209)**
- မွန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပြည်သူများသည် (၂၄)နာရီပတ်လုံးရေမီးအပြည့်အစုံမရရှိသည်မှာ ဆယ်စုနှစ်ကြာနေသည့်အတွက် ရေမီးအပြည့်အစုံရရှိရေးအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တောင်းဆိုသည့်လက်မှတ်(၅၀၀)ကျော်ကို ယနေ့ မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဦးဆောင်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ(၆)ခုကို ပေးပို့ထားကြောင်း မြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(RFA 160209)**
- ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးကြိုးပမ်းမှုများကို ဂုဏ်ပြုသည့် ကမ္ဘာတစ်လွှာက ပန်းချီအနုပညာရှင်များ၏ ပန်းချီပြပွဲနှင့် ဆွေးနွေးပွဲကို ယခုလ(၁၄)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယော့ခ်ပြည်နယ် **Beacon**မြို့တွင်ကျင်းပခဲ့ကြောင်း သိရသည်။ **(RFA 160209)**
- ထိုင်းနိုင်ငံ ဖိုးဖရမြို့နယ် နယ်စပ်အနီး မြဝတီမြို့နယ်ရှိ တအိုးထကျေးရွာကို **DKBA** တပ်ရင်း (၉၉၉)မှ ယခုလ(၁၁)ရက်နေ့တွင် ဝင်ရောက်မီးရှို့ဖျက်ဆီးလိုက်ကြောင်း သိရသည်။ **(DVB 160209)**
- မြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲရေးအတွက် စစ်အစိုးရကို ပြင်းပြင်းထန်ထန်ဖိအားပေးရန် ကမ္ဘာ့အဝှမ်း ခရစ်ယာန်သွေးစည်းညီညွတ်ရေး**CSW**က ကုလသမဂ္ဂကို ယနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ **(DVB 160209)**
- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးအတွက် လူထုက လက်မှတ်ထိုးတောင်းဆိုရန် မတ္တရာမြို့နယ်အဖွဲ့ချုပ်အဖွဲ့ဝင်များက ဆက်လက်လုပ်ဆောင်မည်ဟု ပြောဆိုလိုက်သည်။ **(DVB 160209)**
- ကုလသမဂ္ဂအနေဖြင့် နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို အတည်ပြုထောက်ခံချက်ပေးခြင်းမပြုလုပ်ပဲ ရှောင်ရှားရမည်ဟု ပြည်ပအခြေစိုက် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု**FDB**က ယနေ့ ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ **(DVB 160209)**
- ရန်ကုန်မြို့အပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် ပိုက်ဆံအကြွေရှားပါးမှုနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။ **(DVB 160209)**
- ရန်ကုန်တိုင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ တောင်သူများ၏ လယ်ယာမြေဧက (၆,၀၀၀)ကျော်ကို လျော်ကြေးငွေအနည်းငယ်သာပေးပြီး ကုမ္ပဏီများက ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက သိမ်းယူလိုက်သည့်အပေါ် မကျေမနပ် ပြောဆိုနေကြကြောင်း သိရသည်။ **(DVB 160209)**
- ပြီးခဲ့သည့်နှစ်ကတည်းက အရှိန်ဟုန်းပြင်းပြင်းဖြင့် အင်တာနက်ဆိုင်များ များလာသဖြင့် ဆိုင်ရှင်များ တွက်ခြေမကိုက်တော့ကြောင့် သိရသည်။ **(DVB 160209)**

ဖေဖော်ဝါရီလ (၁၇)ရက်

- ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ **Tomas Quintana**၏ ဘားအံခရီးစဉ်တွင် ဗိုလ်ချုပ်စောဌေးမောင်၏ **KNU-KNLA** ငြိမ်းချမ်းရေးကောင်စီအဖွဲ့၊ ပဒိုအောင်ဆန်း၏ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့၊ ဦးသာထူးကျော်၏ **DKBA** ငြိမ်းချမ်းရေးအဖွဲ့များနှင့်တွေ့ဆုံခဲ့ပြီး ရခိုင်နှင့်ကချင်ပြည်နယ် ခရီးစဉ်များသွားဖြစ်လိမ့်မည်မဟုတ်ကြောင်း ရန်ကုန်ကုလသမဂ္ဂရုံးပြန်ကြားရေးအရာရှိ ဦးအေးဝင်းက ယနေ့ ထုတ်ပြန်ပြောဆိုသည်။ **(NEJ 170209)**

- ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ **Tomas Quintana**သည် ယမန်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်ကာ ဒေါက်တာတင်မင်းထွဋ်၊ ကိုကျော်ကိုကို၊ ဦးညီညီထွေး၊ ဦးညီပု၊ ပုဏ္ဏမီ (ခေါ်) ဒေါ်မြည့်နှင့်တို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ အကျဉ်းသားတစ်ဦးလျှင် (၁၅)မိနစ်ခန့် စကားပြောခွင့်ရခဲ့ကြောင်း သိရသည်။ **(NEJ 170209)**
- မြန်မာနိုင်ငံတွင် စီးပွါးရေးကျဆင်းပြီး အရောင်းအဝယ်ပါးနေချိန်ဖြစ်သည့်အတွက် ယခုရက်ပိုင်းအတွင်း ရန်ကုန်တွင် ဈေးရောင်းပွဲများ ခေတ်စားလာကြောင်း သိရသည်။ **(NEJ 170209)**
- ပြည်တွင်းဂျာနယ်များ ကြက်ငှက်ဆိုင်ရာ ရောဂါဖြစ်ပွါးမှုအခြေအနေရေးသားဖေါ်ပြရာတွင် စာပေစိစစ်ရေးမှုဝါဒကွဲလွဲမှုများရှိနေပြီး ဂျာနယ်အချို့အား ဖေါ်ပြခွင့်မပေးခဲ့ကြောင်း သတင်းဂျာနယ်အယ်ဒီတာ တစ်ဦးက ပြောသည်။ **(NEJ 170209)**
- လေ့စီးဒုက္ခသည် ရိုဟင်ဂျာများနှင့်ပတ်သက်၍ ရှေ့တစ်ပတ်တွင်ပြုလုပ်မည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ညီလာခံကာလတွင် ဆွေးနွေးမည်ဟု အာဆီယံထိပ်တန်းခေါင်းဆောင်တစ်ဦးက အတည်ပြုပြောဆိုလိုက်သည်။ **(Irrawaddy 170209)**
- ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် အမှတ်(၁)ရပ်ကွက် ရယကဥက္ကဌ ဦးဝင်းနိုင်ကို အရက်ဖိုးပေးမှ ဘုန်းကြီးကျောင်းဆောက်ခွင့်ရရှိခဲ့သည်ဟု ဒေသခံသံဃာတော်များက ပြောသည်။ **(DVB 170209)**
- ပြည်ပမှလွှင့်ထုတ်သော ရုပ်မြင်သံကြားလိုင်းများကို ဖမ်းယူရရှိနိုင်သော ဂြိုလ်တုစလောင်းများကို ကန့်သတ်စေရန် တိုက်တွန်းရေးသားထားသည့် စာရေးသူ ကျော်ရဲမင်းက "အဆိပ်ပင်ကို ဆက်ပြီးရေမလောင်းသင့်ပါ" ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖေါ်ပြထားသည်။ **(Mizzima 170209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကိုယ်စားလှယ်၏ (၆)ရက်ကြာခရီးစဉ်၏ စတုတ္ထမြောက်နေ့အဖြစ် ယနေ့တွင် ရန်ကုန်မြို့ရှိ သံတမန်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(Mizzima 170209)**
- နအဖဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်တို့ ကြိုတင်စည်းကမ်း သတ်မှတ်ထားချက်မရှိပဲ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်အမှတ် ၀၂/၀၉ဖြင့် ယနေ့ ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(Mizzima 170209)**
- ထိုင်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး **Anupong Paochinda**၏ မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်ကို ယနေ့စတင်လိုက်ကြောင်း သိရသည်။ **(Mizzima 170209)**
- ကိုရီးယားသင်္ဘောတစ်စီးပေါ်မှ မြန်မာသင်္ဘောသား စောမျိုးထွဋ်(၃၂)နှစ်နှင့် စောဒေးဗစ်(၂၈)နှစ်တို့ (၂)ဦးအပါအဝင် စုစုပေါင်း(၄)ဦး အစာအဆိပ်သင့်၍ ယခုလ(၁၃)ရက်နေ့က အိန္ဒိယနိုင်ငံတောင်ဘက် အစွန်းဆုံးရှိ ကီညာကုမ္မာရီ၌ သေဆုံးခဲ့သည်။ **(Mizzima 170209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်အနေဖြင့် စစ်အစိုးရနှင့်နီးစပ်သည့် အပစ်ရပ်အဖွဲ့များနှင့်သာမက ကျန်တိုင်းရင်းသားအဖွဲ့များ၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ မင်းကိုနိုင်နှင့်ဦးမြင့်အေးတို့ကဲ့သို့ ပုဂ္ဂိုလ်များဖြင့်လည်း တွေ့ဆုံရန် အင်္ဂါဝတ်ပြုဆုတောင်းသူများက တိုက်တွန်းလိုက်သည်။ **(DVB 170209)**
- နီပေါနိုင်ငံရှိ ဗုဒ္ဓမြတ်စွာဘုရား ဖွါးမြင်ရာ လုံဗနီဥယျာဉ်အတွင်းက မြန်မာဘုန်းကြီးကျောင်းကို လှူဒါန်းသည့် အလှူငွေများကို မြန်မာသံရုံးက သိမ်းယူနေကြောင်း သိရသည်။ **(DVB 170209)**
- မွန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်း ပြီးခဲ့သည့်အပတ်က မီးလောင်မှုဖြစ်ပွါးပြီး ဒုက္ခရောက်နေသည့် မီးဘေးဒုက္ခသည်များကို လှူဒါန်းသည့် အလှူရှင်များကို ရယကရုံးမှတဆင့် လှူခိုင်းနေသည့်အတွက် အလှူရှင်များနည်းသွားကြောင်း သိရသည်။ **(DVB 170209)**
- ရောဝတီတိုင်း အိမ်မဲမြို့ မြို့မဈေးတွင် စည်ပင်သာယာရေးကော်မတီမှ ဆိုင်ခန်းသစ်များဆောက်လုပ်ပြီး ယခင်ကရောင်းချခဲ့သည့် ဟင်းသီးဟင်းရွက်နှင့်ကုန်ခြောက်ဈေးသည်များကို ငွေကျပ်(၂)သိန်း(၇)သောင်းဖြင့် ရောင်းချနေပြီး မပေးနိုင်သူများကို ဖယ်ခိုင်းနေသဖြင့် ဈေးသည်များဒုက္ခရောက်နေကြကြောင်း သိရသည်။ **(DVB 180209)**

## ဖေဖေါ်ဝါရီလ (၁၈)ရက်

- ပြီးခဲ့သည့်အပတ်အတွင်း ရန်ကုန်မြို့လယ် ဧရိယာများတွင် ဂြိုလ်တုစလောင်းတပ်ဆင်မှုနှင့်ပတ်သက်ပြီး လိုက်လံစာရင်းကောက်ယူမှုများရှိနေခြင်းကြောင့် ပြည်သူများအကြား စိုးရိမ်ထိတ်လန့်မှုများရှိနေကြောင်း သိရှိရသည်။ **(NEJ 180209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana** ရောက်ရှိနေခိုက် နိုင်ငံရေးအကျဉ်းသားအချို့ကို ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း၊ ပြစ်ဒဏ်တပေါင်းတည်းကျခံစေခြင်းတို့ လုပ်ပေးနေသော်လည်း ရခိုင်ပြည်နယ် သံတွဲထောင်ရှိ နိုင်ငံရေးအကျဉ်းသားများ မပါဝင်သေးကြောင်း ယမန်နေ့က ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့သည့် ၈၈မျိုးဆက်ကျောင်းသား ကိုရန်မျိုးနောင်၏အစ်မ မမျိုးပပသိန်းက ပြောသည်။ **(NEJ 180209)**
- တတိယနိုင်ငံ ထွက်ခွါခွင့်ရရေးအတွက် ဒုက္ခသည်စခန်းများသို့ ဝင်ရောက်လာသည့် လူသစ်များကို အခကြေးငွေယူပြီး နိုင်ငံခြားထွက်ခွါခွင့်ရရန် စီစဉ်ပေးသူများထဲတွင် ဒုက္ခသည်စခန်းမှ တာဝန်ရှိသူအချို့နှင့် ဝန်ထမ်းအချို့ပါဝင်ပတ်သက်မှုရှိသဖြင့် မကြာခင် ကရင်ဒုက္ခသည်ကော်မတီ**KRC**မှ ဝန်ထမ်းများလိုက်နာရန် စည်းမျဉ်းစည်းကမ်းချက်များထုတ်ပြီး အရေးယူမှုများ ပြုလုပ်သွားမည်ဟု မယ်လဒုက္ခသည်စခန်း ဒု–ဥက္ကဌ စောထွန်းထွန်းက ပြောသည်။ **(NEJ 180209)**

- မူးယစ်ဆေးဝါးထုတ်လုပ်ပြီး နိုင်ငံတကာသို့ဖြန့်နေသည့် လုပ်ငန်းရှင်ကြီး ‘ဝ’တိုင်းရင်းသား ဦးအိုက်ဟော့ (ခေါ်) စိုင်းဟော့(၄၀)နှစ်ကျော်သည် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်UWSA၏ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ခိုလှုံနေသည်ဟု သတင်းရရှိသည်။ **(Irrawaddy 180209)**
- မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana**သည် ယနေ့တွင် နေပြည်တော်သို့ သွားရောက်ပြီး နအဖဝန်ကြီးချုပ်သိန်းစိန်နှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(Irrawaddy/ DVB 180209)**
- နားဂစ်မုန်တိုင်းဒဏ်ကြောင့် သေဆုံးသွားသည့်အလောင်းများကို လိုက်လံကောက်ပြီး မြေမြှုပ်သဂြိုဟ်သည့်ကိစ္စဖြင့် အင်းစိန်အကျဉ်းထောင်တွင်ဖမ်းဆီးထားသည့် ဒေါက်တာနေဝင်း၊ သူ၏သမီးမဖြိုးဖြိုးအပါအဝင် ဗကသကျောင်းသားများကို ရှေ့နေလိုက်ခွင့်မပြုပဲ ယမန်နေ့က ရုံးထုတ်စစ်ဆေးခဲ့သည်ဟု ယနေ့ ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့သည့် ဒေါက်တာနေဝင်း၏ဇနီး ဒေါ်သန္တာက ပြောသည်။ **(DVB 180209)**
- ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်၊ နအဖအမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာမူထန်သည် ချင်းပြည်နယ် ပယကဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဟုန်ငိုင်နှင့်ပူးပေါင်းကာ ချင်းလူထုကို အဓမ္မလုပ်အားပေးခိုင်းစေနေပြီး လမ်းဖေါက်လုပ်ရာတွင်လည်းဦးဆောင်နေကြောင်း သိရသည်။ **(DVB 180209)**
- မောင်လမြိုင်မြို့တွင် ရပ်ကွက်အလိုက် ကိုယ့်အားကိုယ်ကိုး မီးသတ်ကားများဝယ်ရန် လွန်ခဲ့သည့်(၄)ရက်ခန့်က အိမ်တစ်အိမ်ကို (၅)ထောင်၊ (၁)သောင်းနှုန်း၊ လုပ်ငန်းရှင်ဆိုလျှင် (၁)သိန်း(၂)သိန်းထည့်ရန် ရယကရုံးများတွင် ဆန္ဒခံယူခဲ့ပြီး အလှူငွေကို ရယကနှင့် ကြံ့ဖွံ့အသင်းဝင်များ ယနေ့ညနေပိုင်းတွင် စတင်ကောက်ခံနေကြောင်း သိရသည်။ **(DVB 180209)**
- ပြီးခဲ့သည့်နှစ်ဧပြီလတုန်းက ထိုင်းနိုင်ငံတောင်ပိုင်း အအေးခန်းကားထဲ၌အသက်ရှုကျပ်ပြီး သေဆုံးခဲ့သူ(၅၄)ဦးအနက်(၃၇)ဦး၏ မိသားစုဝင်များကို ကားအာမခံကုမ္ပဏီက တစ်ဦးကို ဘတ်ငွေ (၃)သောင်းခွဲစီ နစ်နာကြေးပေးအပ်လိုက်ကြောင်း သိရသည်။ **(DVB 180209)**
- တစ်နာရီကို မိုင်တစ်ရာကျော်အထိ တိုက်ခိုက်နိုင်သည့် စိုက်ဆင်းလေပြင်းတစ်ခု ဖေဖေါ်ဝါရီလအတွင်း ကျရောက်နိုင်သည်ဆိုသည့်သတင်းသည် မမှန်ကန်ဘူးဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ငြင်းဆိုလိုက်သည်။ **(DVB 180209)**
- မြန်မာ့ဆက်သွယ်ရေးက ရန်ကုန်မြို့တွင် **WCDA**ဖုန်း တစ်လုံးလျှင် (၁၅)သိန်းခွဲပေးသွင်းခြင်းဖြင့် ဖုန်းအလုံး (၅)ထောင်ချပေးမည်ဖြစ်ကြောင်းနှင့် နယ်မြို့များတွင်လည်း ကမ်းရိုးတန်းဖုန်းခေါ် **CDMA -450** ဖုန်းများ ချပေးနေသည်ဟု သိရသည်။ **(DVB 180209)**
- ကြိုတင်သတ်မှတ်ချက်မထားပဲ တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန် ကုလသမဂ္ဂက အဆိုပြုထားချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြည့်အဝလက်ခံထားသကဲ့သို့ နအဖစစ်အစိုးရဘက်ကလည်း အမြန်ဆုံးလက်ခံဆောင်ရွက်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ **(DVB 180209)**
- မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုFDBမှ ပို့ချသောသင်တန်းကို ပြီးခဲ့သည့်နှစ် ဧပြီလအတွင်းက သွားတက်ခဲ့သည်ဟု စွပ်စွဲချက်ဖြင့် မန္တလေး အိုးဘိုထောင်တွင် ထောင်ကျခံနေရသည့် မကေသီအောင်နှင့် ကိုဝေမျိုးထူးတို့ကို တိုင်းတရားရုံးက ယမန်နေ့တွင် ထောင်ဒဏ်(၁၆)နှစ်စီလျှော့ပေးလိုက်ပြီး ယခုအခါ ထောင်ဒဏ်(၁၀)နှစ်စီသာ ကျခံရတော့မည်ဖြစ်သည်ဟု သိရသည်။ **(Mizzima 180209)**
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖေါက်သူများဟု အများကသိရှိနေသည့် ကရင်ခွဲထွက်အဖွဲ့များအား ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana**က သွားရောက်တွေ့သည့်အပေါ် အလွန်အံ့ဩတုန်လှုပ်မိကြောင်း ဗြိတိန်အခြေစိုက် ကမ္ဘာတစ်လွှားခရစ်ယာန်များသွေးစည်းညီညွတ်ရေးအဖွဲ့CSWမှ ပြောဆိုလိုက်သည်။ **(Mizzima 180209)**

## ဖေဖေါ်ဝါရီလ (၁၉)ရက်

- မြန်မာစစ်အစိုးရအပေါ် အမေရိကန်စီးပွါးရေးဒဏ်ခတ်မှု မအောင်မြင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်က ပြောလိုက်သည့်အတွက် မြန်မာနိုင်ငံအပေါ် အမေရိကန်၏ပေါ်လစီအပြောင်းအလဲ ဖြစ်ဖို့များသည်ဟု နိုင်ငံတကာသတင်းတွေက သုံးသပ်သည်။ **(NEJ 190209)**
- အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်၊ ဘင်္ဂလားဒေ့ရှ်တာကာ အပါအဝင် နိုင်ငံတကာငွေကြေးများနှင့် နှိုင်းယှဉ်လျှင် မြန်မာငွေတန်ဖိုးအလျင်အမြန် တက်နေသည့်အတွက် ကုန်သွယ်ရေးလုပ်ငန်းများ ထိခိုက်လာနေကြောင်း ကုန်သည်ကြီးများအသိုင်းအဝန်းမှ သိရသည်။ **(NEJ 190209)**
- စစ်အစိုးရ၏ ထောက်လှမ်းရေးသတင်းကွန်ယက်သည် ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့တွင် ပိုမိုကျယ်ပြန့်လာကာ သတင်းမှန်နှင့်သတင်းမှားများကို ရောနှောပေးပို့လုက်ရှိသည်ဟု နယ်စပ်သတင်းရပ်ကွက်နှင့် လျှို့ဝှက်အစီရင်ခံစာတစ်စောင်အရ သိရသည်။ **(Irrawaddy 190209)**
- မိုးကုတ်ကျောက် ဖက်စပ်တူးဖေါ်ရေးလုပ်ငန်းကြီး (၅၀)ခန့်ရှိသည့်အနက် အားလုံးနီးပါးရပ်ဆိုင်းထားရသောကြောင့် ကျောက်လုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲဖြစ်နေရကြောင်း မိုးကုတ်မြို့ခံများထံမှ သိရသည်။ **(Irrawaddy 190209)**
- ရောဝတီတိုင်း အိမ်မဲမြို့နယ် ကြက်ခတ်ခွပ်ရွာတွင် ကုမ္ပဏီတစ်ခုသည် အရေအသွေးနည်းသည့် ဓါတ်မြေဩဇာများကို မြို့နယ်အာဏာပိုင်များနှင့်ပေါင်းပြီး လယ်သမားများကို ရောင်းချနေကြောင်း သိရသည်။ **(DVB 190209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana**သည် မြစ်ကြီးနာထောင်ရှိ နာမည်ကျော် လှုပ်ရှားတော်ဇာဂနာကို ဗုဒ္ဓဟူးနေ့က သွားရောက်တွေ့ဆုံခဲ့သည်ဟူသောသတင်းကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံး ပြောရေးဆိုခွင့်ရှိသူ ဦးအေးဝင်းမှ ငြင်းဆိုလိုက်သည်။ **(Mizzima 190209)**

- မြန်မာပြည်အလယ်ပိုင်းတွင် မကြာမီကဖြစ်ပွါးခဲ့သော ကြက်များအကောင်ရေ သိန်းနှင့်ချီ၍ သေဆုံးခဲ့ခြင်းသည် လိမ်လည်ရောဂါဟု လူသိများသော **Viscerotropic Velogenic(VVNT )** ခေါ် နယူးကက်ဆယ် ရောဂါကြောင့်သာဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီး **FAO** မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Mizzima 190209)**
- ၂၀၀၅ ခုနှစ်အတွင်းက မြန်မာစစ်အစိုးရထံ လက်နက်ချခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော်**SSNA**မှ အဖွဲ့ဝင်ဟောင်းများနေထိုင်ရာ ကွတ်ခိုင်မြို့နယ်အတွင်းရှိ ခိုမုန်း၊ နားရှီးမူး၊ ခိုတိန်း၊ နမ့်အွန်၊ ကောင်ဝိန်း၊ တာလုံစသည့် ကျေးရွာများရှိ **SSNA** တပ်ဖွဲ့ဝင်ဟောင်းများကို နအဖစစ်ဗျူဟာလက်အောက်ခံတပ်ရင်းများမှ လိုက်လံရှာဖွေဖမ်းဆီးနေပြီး ခင်ပွန်းသည်ကိုမတွေ့ရှိသူ၏ ဇနီးနှင့်ကလေးများကို ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရသည်။ **(Mizzima 190209)**
- နအဖတပ်ဖွဲ့နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** မြောက်ပိုင်းစစ်ဒေသလက်အောက်ခံတပ်ဖွဲ့များ ယခုလ ပထမအပတ် အတွင်း တိုက်ပွဲဖြစ်ပွါးခဲ့သည်ဟု ထိုင်း–မြန်မာနယ်စပ်အခြေစိုက် သျှမ်းသံတော်ဆင့်သတင်းဌာနအဆိုအရ သိရသည်။ **(Mizzima 190209)**
- ရန်ကုန်မြို့တွင် တပ်ဖြန့်ထားခဲ့ပြီး တပ်မ(၇၇)လက်အောက်ရှိတပ်များမှ စစ်သားများအပြည့်တင်ဆောင်ထားသော စစ်ထရပ်ကားကြီး အနည်းဆုံး(၄၀)စီးသည် ယနေ့တွင် တပ်မအခြေစိုက်ရာ ပဲခူးဘက်သို့ ပြန်လည်ထွက်ခွါသွားသည်ဟု မျက်မြင်သက်သေများအပြော အရ သိရသည်။ **(Mizzima 190209)**
- ပြီးခဲ့သည့်နှစ်စက်တင်ဘာလတွင် ချုပ်ဆိုခဲ့သည့် ရခိုင်ပြည်နယ်မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အထိ အရှည်ကီလိုမီတာ (၉၅၀)ရှည် လျားသည့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းဖြင့် ဝယ်ယူမည့် အနှစ်(၃၀)စာချုပ်အား ကန့်ကွက်သည့်အနေဖြင့် နယူးဒေလီမြို့ ဂျန်တားမန် တားပန်းခြံတွင် ရခိုင်အမျိုးသားကောင်စီ**ANC**က ဦးဆောင်ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(RFA 190209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana** မြန်မာနိုင်ငံကို ရောက်ရှိနေချိန်တွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများအနေဖြင့် ပြောစရာစကားများ အများကြီးရှိသည်ဟု အရှင်ကမ္ဗိရ၏မယ်တော် ဒေါ်ရေးက ပြောသည်။ **(RFA 190209)**
- လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေးကို ရန်ကုန်တိုင်းတရားရုံးက ထောင်ဒဏ်(၁၂)နှစ်ကျော်ချမှတ်ထားရာမှ (၄)နှစ်လျှော့ပေးလိုက် သည်ဟု သူ့ရှေ့နေများက ပြောသည်။ **(DVB 190209)**
- ရွေးကောက်ပွဲအသစ်သည် နိုင်ငံတကာမှလေးစားသည့် ရွေးကောက်ပွဲဖြစ်သင့်သည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ်**Ibrahim Gambari**နှင့်ဂျပန်အစိုးရတို့ ပူးတွဲထုတ်ပြန်သည့် ကြေညာချက်ကြောင့် အထူးစိုးရိမ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေ ညာသည်။ **(DVB 190209)**
- မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖေါက်မှုများ လျော့ပေါ့လာပြီး အရေးပါသည့် နိုင်ငံရေးအကျဉ်း သားများအား ပြန်လွှတ်ပေးနိုင်မည့် အနေအထားများရှိလာမည်ဆိုပါက ၂၀၁၀တွင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို နိုင်ငံတကာမှ ယုံကြည်မှုရှိလာနိုင်မည်ဟု မြန်မာနိုင်ငံအရေးလေ့လာသုံးသပ်သူ ဦးဝင်းမင်းက ပြောသည်။ **(Kantarawaddy 190209)**
- ကယားပြည်နယ်၏ လူတစ်ဦးချင်းဝင်ငွေသည် အခြားပြည်နယ်၊ တိုင်းများနှင့် နှိုင်းယှဉ်ပါက နည်းနေသေးကြောင်း မြန်မာစစ်အစိုးရဝန် ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ကယားပြည်နယ်သို့ ရောက်ရှိခဲ့စဉ် ပြောဆိုခဲ့သည်။ **(Kantarawaddy 190209)**

ဖေဖေါ်ဝါရီလ (၂၀)ရက်

- လွတ်လပ်သောတရားစီရင်ရေးစနစ်ဖြစ်ရန် မြန်မာနိုင်ငံ၏ တရားစီရင်ရေးဥပဒေများပြန်လည်သုံးသပ်မှုပြုလုပ်ရန်နှင့် ပြည်သူပြည်သား များ၏ အခြေခံရပိုင်ခွင့်တို့ကို လေးစားရန် **Tomas Quintana**သည် တရားသူကြီးချုပ် ဦးအောင်တိုးနှင့်တွေ့ဆုံစဉ် နအဖစစ်အစိုးရကို အကြံပြုခဲ့သည်ဟု ယမန်နေ့ည(၇)နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အထူးသန်းသန့်ဆောင်၌ပြုလုပ်သည့် သတင်းစာရှင်း လင်းပွဲတွင် ပြောဆိုခဲ့သည်။ **(Mizzima 200209)**
- မြန်မာစစ်အစိုးရနှင့် အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**NLD**တို့ ကြိုတင်စည်းကမ်းချက်များမထားပဲ မြန်မြန်ဆန်ဆန် ဆွေးနွေး ကြရန် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ **Ibrahim Gambari**နှင့်တွေ့ဆုံဆွေးနွေးအပြီးတွင် အထွေထွေညီ လာခံဥက္ကဋ္ဌ မီးဂဲလ်ဒက်စကို က ယမန်နေ့၌ တိုက်တွန်းလိုက်သည်။ **(NEJ/ DVB 200209)**
- နအဖစစ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**NLD**တို့ တွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌက တောင်းဆို နေသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာယူထားသမျှ ကာလပတ်လုံး တွေ့ဆုံဆွေးနွေးပွဲဖြစ်ရန် အလားအလာနည်းသည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက ပြောသည်။ **(NEJ 200209)**
- ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် **Tomas Quintana** ပြန်သွားသော်လည်း ၈၈မျိုးဆက်ကျောင်းသားများ၊ **NLD** ပါတီဝင်များ၊ လူ့အခွင့်အရေးလှုပ်ရှားသူများအား ထောင်ဒဏ်နှစ်ရှည်အသီးသီးချမှတ်ထားသည့်အတွက် နောက်ထပ်ဆန္ဒပြမှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်သည့်အတွက် လုံခြုံရေးဆက်ယူထားရန် ပြည်ထဲရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း ရန်ကုန်ရှိ ပြည်ထဲရေး ရဲအရာရှိတစ် ဦးက ပြောသည်။ **(NEJ 200209)**
- လူငယ်ဘလော့ဂါ ကိုနေဘုန်းလတ်ကို ထောင်ဒဏ် (၂၀)နှစ်ခွဲချမှတ်ထားရာမှ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တရားရုံးက ပုဒ်မ–(၂) ခုအတွက် ထောင်ဒဏ် (၈)နှစ်ခွဲလျှော့ချလိုက်ခြင်း ဖြစ်သည်ဟု မိခင်ဖြစ်သူ ဒေါ်အေးအေးသန်းက ပြောသည်။ **(Irrawaddy/ DVB 200209)**

- ဂျွန်ဝင်မြောက် ဂီတစာဆိုကြီးများဖြစ်သည့် ရွှေတိုင်ညွန့်၊ ရွှေပြည်အေး၊ မြို့မငြိမ်းတို့၏ ယခုနှစ်တွင် ကျရောက်သည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကြီးကို ရန်ကုန်တွင် ရှေ့လ၌ ပြုလုပ်မည်ဟု သိရသည်။ **(Irrawaddy 200209)**
- မြန်မာနိုင်ငံ၏ အိမ်ခြံမြေနှင့်တိုက်ခန်းဈေးနှုန်းများတည်ငြိမ်ကာ အရောင်းအဝယ်ပါးနေပြီး ငွေကြေးလည်ပတ်မှု ရပ်တန့်လုနီးပါးဖြစ်နေ သည့်အတွက် ကန်ထရိုက်တိုက်ဆောက်လုပ်ရေးကုမ္ပဏီများ အခက်အခဲဖြစ်နေကြောင်း ရန်ကုန်အခြေစိုက် အိမ်ခြံမြေအကျိုးဆောင် စီးပွါးရေးအသိုင်းအဝန်းမှ သိရသည်။ **(Irrawaddy 200209)**
- မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေသည် စိန်ခေါ်မှုအများကြီး ရှိနေဆဲဖြစ်သော်လည်း အပြုသဘောတိုးတက်မှုလမ်းစအချို့ မြင်နေရ ပြီဟု ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ **Tomas Quintana**က ယမန်နေ့ည ရန်ကုန်လေယာဉ်ကွင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ **(DVB 200209)**
- မြန်မာပြည်တွင်းရှိ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့**UNA**က မြန်မာစစ်အစိုးရမှကျင်းပမည့် ၂၀၁၀ ရွေး ကောက်ပွဲအား ကန့်ကွက်ကြောင်း ယနေ့ ထုတ်ဖော်ပြောဆိုလိုက်သည်။ **(Mizzima 200209)**
- အမေရိကန်ရုပ်ရှင်မင်းသား ဂျော့ကလူနီ ဦးဆောင်သည့် **Not on our Watch**အဖွဲ့က မြန်မာဒုက္ခသည်များအတွက် အမေရိကန်ဒေါ် လာ(၅)သိန်းကို ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်**WFP**ကတဆင့် လှူဒါန်းခဲ့ကြောင်းနှင့် ယင်းငွေများထဲမှ ရခိုင်ပြည်နယ်မြောက်ပိုင်း လယ်မဲ့သမားမိသားစု (၄)သောင်းကျော်ကိုပေးဝေမည်ဖြစ်ပြီး (၂)သိန်းခွဲကို ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်များကို ဝေငှမည်ဟု **WFP**က ကြေညာသည်။ **(DVB 200209)**
- မြန်မာအာဏာပိုင်များကဖမ်းဆီးထားသည့် ရှေ့နေများကိစ္စနှင့် မြန်မာ့တရားစီရင်ရေးစနစ်တို့ကိစ္စ သီးခြားအစီရင်ခံထားသည့် စာနှစ် စောင်ကို **Asian Legal Resource Centre** (**ALRC**)က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံ ယနေ့ရက်စွဲဖြင့် ပေးပို့လိုက်သည်။ **(DVB 200209)**
- နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး လက်မှတ်ရေးထိုးတောင်းဆိုသည့် လှုပ်ရှားမှုကို ပဲခူးတိုင်းအရှေ့ခြမ်း ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ သနပ်ပင်နှင့်ဝေါမြို့နယ်တို့တွင် စတင်နေပြီဟု ပဲခူးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဒေါ်ခင်ညွန့်မှုက ပြောသည်။ **(DVB 200209)**
- ယနေ့ကျရောက်သည့် (၆၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို အိန္ဒိယနိုင်ငံရှိ ချင်းတိုင်းရင်းသားများက ကျင်းပခဲ့ကြောင်း သိရသည်။ **(DVB 200209)**
- ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ပြည်ပသို့ မြန်မာ့အထည်ချုပ်တင်ပို့မှုပမာဏသည် လစဉ် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ကျ ဆင်းလာခဲ့သော်လည်း ဂျပန်ဈေးကွက်သို့တင်ပို့မှုမှာ ဈေးကွက်အပြောင်းအလဲများကြောင့် ကျဆင်းမှုမရှိဘဲ ပုံမှန်ထိန်းထားနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။ **(The Myanmar Times 13-190209)**
- မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသများတွင် ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းရေးစီမံချက်၏ ရှေ့ပြေးစမ်းသပ်ခြင်း ဒုတိယကာလ နောက်ဆုံးအကြိမ် ဆွေးနွေးပွဲတစ်ခုကို ဖေဖော်ဝါရီလ ၉ ရက်မှ ၁၁ ရက်အထိ မနုဆုလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (တိုင်းရုံး)တွင် ကျင်းပခဲ့သည်။ **(The Myanmar Times 13-190209)**
- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ၂၀၀၇–၂၀၀၈ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်ထုတ်လုပ်မှုနှင့်တင်ပို့မှုတန်ဖိုး ပိုမိုမြင့်မားလာသော် လည်း ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်ပြည်ပပို့ကုန် လျာထားချက်တန်ဖိုးအား မပြည့်မီနိုင်သဖြင့် ရှေ့နှစ်အတွက်ရရှိရန်မျှော်မှန်းကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ်မြောက်နှစ် ပတ်လည်အစည်းအဝေးတွင် ပြောသည်။ **(The Myanmar Times 13-190209)**

## ဖေဖော်ဝါရီလ (၂၁)ရက်

- မြန်မာ့နိုင်ငံရေးအခြေအနေမတိုးတက်သည့်အတွက် မြန်မာနိုင်ငံကို သွားရေး မသွားရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **Ban Ki-moon**ကိုယ်တိုင် ဆုံးဖြတ်ရတော့မည်ဟု လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗြိတိန်နှင့်ပြင်သစ်တို့က ပြောဆိုလိုက်သည်။ **(DVB 210209)**
- နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သည့် ကျောင်းသားခေါင်းဆောင် ဒီငြိမ်းလင်းကို အာဏာပိုင်များက အင်းစိန်ထောင်မှ ခန္တီးထောင်ကို ပြောင်းရွှေ့လိုက်သည်ဟု ဒီငြိမ်းလင်း၏မိခင် ဒေါ်ဌေးဌေးဝင်းက ပြောသည်။ **(DVB 210209)**
- မြန်မာသတင်းသမဂ္ဂ**BMA**က ဦးစီးကျင်းပသည့် (၆)ကြိမ်မြောက် မြန်မာသတင်းညီလာခံကို ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့တွင် ယခုလ(၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး နာဂါ့အိအထိမ်းအမှတ်ဆုကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရ သည်။ **(DVB 210209)**
- ၂၀၁၀ ရွေးကောက်ပွဲတွင်ပါဝင်နိုင်စေရန် ယနေ့အကျဉ်းသား (၆,၃၁၃)ဦး လွှတ်ပေးလိုက်သည်ဟု မြန်မာ့ရုပ်မြင်သံကြားသတင်းမှ ကြေ ညာသည်။ **(DVB 210209)**

## ဖေဖော်ဝါရီလ (၂၂)ရက်

- “မုန်တာတွေချည်း အမြဲတမ်း မပေးနိုင်သည့်တိုင်အောင် မှားမုန်းသိသိကြီးနဲ့ သတင်းမှားတွေ ပြည်သူလူထုကို မပေးနိုင်အောင် လုံးဝ ရှောင်ကျဉ်ကျပါ။ သတင်းသမားကောင်းဆိုတာ အမှန်တရားဘက်က ဘက်လိုက်ရမယ်။ နောက်တစ်ခုက ပြည်သူလူထုရဲ့ မျက်နှာကို ကြည့်ကြပါ။ သူခိုးဓါးရိုးကမ်းတဲ့ အလုပ်မျိုးတော့ မလုပ်ကြပါနဲ့” စသည့် သတင်းစာဆရာကြီး လူထုဦးစိန်ဝင်း၏ အမှာစကားအဖွင့် ဗွီဒီယိုနှင့် (၆)ကြိမ်မြောက်မြန်မာသတင်းညီလာခံ ဒုတိယနေ့အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယနေ့ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(DVB 220209)**
- ယမန်နေ့တွင် စတင်လွှတ်ပေးနေသည့် နအဖစစ်အစိုးရ အကျဉ်းထောင်များမှ အကျဉ်းသား (၆)ထောင်ကျော်တွင် ယခုအချိန်ထိ နိုင်ငံရေးအကျဉ်းသား (၂၃)ဦးသာ အမည်စာရင်းရရှိသေးသည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) **AAPP-B** က ပြောသည်။ **(RFA 220209)**
- ရိုဟင်ဂျာလှေစီးဒုက္ခသည်များအရေးကို အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ်ကျင်းပပြီး အဖြေရှာသွားမည်ဖြစ်သည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် **Mr. Tuku Faizar**က ပြောသည်။ **(RFA 220209)**
- ယမန်နေ့ မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လွှတ်ပေးသည့် အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဒေါက်တာဇော်မြင့်မောင်နှင့် ဦးစိန်ဖေတို့ နှစ်ဦးသာဖြစ်ပြီး မန္တလေး အိုးဘိုထောင်မှ နိုင်ငံရေးအကျဉ်းသား တစ်ဦးမျှ မပါဝင်ကြောင်း သိရသည်။ **(RFA 220209)**
- အာဆီယံထိပ်သီးအစည်းအဝေးပွဲမတိုင်မီ အာဆီယံလူထုအစည်းအဝေး **ASEAN People Forum**ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် (၃)ရက်ကြာကျင်းပခဲ့ရာ အာဆီယံ(၁၀)နိုင်ငံအပါအဝင် နိုင်ငံပေါင်း(၃၀)ကျော်က လူထုအဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ် (၈၀၀) ကျော်တက်ရောက်ခဲ့ပြီး ယနေ့ညနေတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သိရသည်။ **(RFA 220209)**

## ဖေဖော်ဝါရီလ (၂၃)ရက်

- ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် စက်မှု(၁)ဝန်ထမ်းများအား ချက်ခြင်းအရေးယူဆောင်ရွက်ရန်နှင့် ၎င်းတို့အား ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်နေ့စွဲ၊ ဝန်ထမ်းပြေးဖြစ်ရသည့် ပြစ်ဒဏ်များကို စုံစမ်းဖော်ထုတ်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး အမြန်ဆုံးအရေးယူရန် ဝန်ကြီးဦးအောင်သောင်းက ညွှန်ကြားထားခြင်းဖြစ်ကြောင်း နေပြည်တော် စက်မှု(၁) ဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောသည်။ **(NEJ 230209)**
- မကြာမီရက်ပိုင်းအတွင်း မြစ်ကြီးနားထောင်မှ ပြန်လွှတ်လာသူ မန္တလေးတိုင်း အမရပူရမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရွေးကောက်ခံကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်က မိမိကိုယ်မိမိ အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်တစ်ဦးအဖြစ် ခံယူထားကြောင်း ပြောသည်။ **(NEJ 230209)**
- လွန်ခဲ့သည့်နှစ်လခန့်က ကောက်သစ်ပေါ်ချိန်မှစ၍ မြဝတီမှမဲဆောက်ဘက်သို့ ညစဉ်ဆန်အိတ်ရေ တစ်သောင်းခန့် တရားမဝင်တင်သွင်းနေခြင်းကို ထိုင်းဘက်မှ ရုတ်တရက်တင်သွင်းခွင့် ပိတ်လိုက်သည့်အတွက် မြဝတီဘက်ကမ်းတွင် မြန်မာဆန်အိတ်ရေ (၂)သောင်းခန့်သောင်တင်နေသည်။ **(NEJ 230209)**
- ဗင်နီဇွဲလားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လူထုဆန္ဒခံယူပွဲသတင်းကို မြန်မာပြည်တွင်းမီဒီယာများတွင် လုံးဝဖော်ပြခြင်းမပြုရန် ညွှန်ကြားထားကြောင်း၊ ပုဂ္ဂလိက ဂျာနယ်အသိုင်းအဝန်းမှ သိရသည်။ **(NEJ 230209)**
- ဆယ်စုနှစ် တစ်စုစာခန့်သာ အောင်မြင်မှုရှိသေးသည့် ဟစ်ဟော့တေးဂီတ၏လွှမ်းမိုးမှု မြန်မာလူငယ်များအပေါ် အသားကျနေသည့်အတွက် ၎င်းကို မြန်မာသံစဉ်ဖျော်ဖြေပွဲများ ပြုလုပ်တိုက်ထုတ်ရမည်ဟု အမည်မဖော်လိုသည့် အနှစ်(၃၀)ကျော် မြန်မာသံသီဆိုလာသည့် ဝါရင့်အဆိုတော်ဟောင်းကြီးတစ်ဦးက ယမန်နေ့ည(၇)နာရီတွင် ကရဝိတ်ဥယျာဉ် ကမ္ဘာ့မျော်စင်ကျွန်း မြန်မာသံစဉ် ဂန္ထဝင်ညတေးဂီတဖျော်ဖြေပွဲ၌ ပြောသည်။ **(NEJ 230209)**
- ဗုဒ္ဓဟူးနေ့က **KNU-KNLA** ငြိမ်းချမ်းရေးကောင်စီအဖွဲ့နှင့် သွားရောက်ပူးပေါင်းခဲ့သူ(၁၃)ဦးသည် ကရင်လွတ်မြောက်ရေးတပ်မတော် **KNLA**မှ စစ်သည်များမဟုတ်ပဲ ကော့ကရိတ်မြို့နယ်ရှိ စက်ဝက်ရွာမှရွာသားများဖြစ်သည်ဟု **KNLA** တပ်မဟာ(၆) တပ်မဟာစစ်ရုံးမှ ဒု–ဗိုလ်မှူးကြီးတစ်ဦးက ပြောသည်။ **(NEJ 230209)**
- မြန်မာ့ဗွီဒီယို၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအာဏာပိုင်များက ဆင်းရဲသားဇာတ်ဝင်ခန်းများပါဝင်သောဇာတ်လမ်းများ မရိုက်ကူးကြရန် တားမြစ်ကြောင်း ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းသမားများထံမှ သိရသည်။ **(Irrawaddy 230209)**
- ရန်ကုန်တိုင်း သာကေတမဲဆန္ဒနယ်မြေ အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်လတ် (ခေါ်) ဒေါက်တာလှိုင်နီ(၅၉)နှစ်(ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်နှင့်ဒေါ်လှိုင်လှိုင်တို့၏သား)သည် ယမန်နေ့က ကွယ်လွန်သွားကြောင်း သိရသည်။ **(DVB 230209)**
- နအဖစစ်အစိုးရက ပြီးခဲ့သည့် စနေနေ့မှစ၍ အကျဉ်းသားများ ပြန်လွှတ်ပေးနေရာ ၁၉၉၁ ခုနှစ် အသံလွှင့်ရုံ ဗုံးဖေါက်ခွဲမှုဖြင့် သေဒဏ်ချခံထားရသည့် ကိုမြင့်ထွေး ပြန်လွှတ်လာသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသည်။ **(DVB 230209)**

- ယခုနှစ်ဘတ်ဂျက်အကုန် မတ်လတွင် ပညာရေးနှင့်စစ်တပ်ဌာနဆိုင်ရာများတွင် ဝန်ထမ်းလစာများ ထပ်တိုးပေးမည်ဖြစ်ကြောင်းနှင့် ကျန်ဝန်ထမ်းဌာနများ မပါဘူးဟု ဝန်ထမ်းများကြား သတင်းများထွက်ပေါ်နေသည်။ **(DVB 230209)**
- မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် ကန်ပိုက်တီးတောင်ကြားနှင့် ပန်းဝါတောင်ကြားတွင် ပြီးခဲ့သည့်အပတ်တွင်းက စတင်လောင်ကျွမ်းနေသည့် တောမီးသည် ယခုဆိုလျှင် တရုတ်ပြည် ယူနန်နယ်အတွင်းကို စတင်ကူးစက်လောင်ကျွမ်းနေပြီဖြစ်သည်ဟု သိရသည်။ **(DVB 230209)**
- ၂၀၁၀ ရွေးကောက်ပွဲကို ရခိုင်အမျိုးသမီးများအစည်းအရုံးRWUက ဘက်ပေါင်းစုံမှ ဆန့်ကျင်သွားရန် ယခုလ(၁၉)ရက်နေ့မှ (၂၁)ရက်နေ့အထိ (၃)ရက်ကြာကျင်းပသည့် တတိယအကြိမ်မြောက်ညီလာခံတွင် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။ **(DVB 230209)**

## ဖေဖော်ဝါရီလ (၂၄)ရက်

- မူးယစ်ဆေး၊ ဘိန်းဖြူနှင့် မက်တာအဖက်တမင်းရောင်းရသည့် မြန်မာနိုင်ငံ၏နှစ်စဉ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း(၁,၀၀၀)မှ သန်း(၂,၀၀၀)ကြားရှိသည်ဟု အမေရိကန်သမ္မတ **George Bush** လက်ထက် ကွန်ဂရက်သို့တင်သွင်းသည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ **(NEJ 240209)**
- ၂၀၀၁ ခုနှစ်တွင် မြန်မာစစ်ထောက်လှမ်းရေးအရာရှိများနှင့် ဝခေါင်းဆောင်များကြား သဘောတူညီချက်တွင် မူးယစ်ဆေးရောင်းချမှု၏ အမြတ် (၅၀)ရာခိုင်နှုန်းကို မြန်မာစစ်တပ်အားပေးရမည်ဆိုသည့် သဘောတူညီချက်ပါဝင်သည်ဟု အမေရိကန်သမ္မတ **George Bush** လက်ထက် ကွန်ဂရက်သို့တင်သွင်းသည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ **(NEJ 240209)**
- လျှပ်စစ်မီးပျက်နေသဖြင့် **CMG** ဖြည့်သောနေရာတွင် တက္ကစီယာဉ်မောင်းများ အချိန်ကြာမြင့်စွာ တန်းစီနေရသည့်အတွက် အခက်တွေ့နေရကြောင်း ရန်ကုန်မြို့ခံ တက္ကစီသမားများက ပြောသည်။ **(NEJ 240209)**
- ကနေဒါအခြေစိုက် မြန်မာ့နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ**UDP**၏ခေါင်းဆောင် ဦးကျော်မြင့် (ခေါ်) မိုက်ကယ်ဟွာဟူသည် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်**UWSA**၏ ဘဏ္ဍာရေးဌာနတွင် ဒုတိယဌာနမှူးအဖြစ် တာဝန်ယူခဲ့စဉ်က မူးယစ်ဆေးဝါးလုပ်ငန်း၊ ငွေမည်းခဝါချသည့်လုပ်ငန်းများနှင့် ဆက်နွှယ်နေကြောင်း ထောက်လှမ်းရေးအရာရှိဟောင်း ဦးအောင်လင်းထွဋ်က ပြောသည်။ **(Irrawaddy 240209)**
- ပြည်တွင်းစီးပွါးရေးကြပ်တည်းချိန်တွင် ငွေချေး၊ အတိုးယူပြီး အရှုံးမရှိ အလုပ်ဖြစ်ခဲ့သော အပေါင်ဆိုင် စီးပွါးရေးလုပ်ငန်းများပါ စီးပွါးပျက်အရှုံးပေါ်လာပြီးဖြစ်ကြောင်း ရန်ကုန် အပေါင်ဆိုင်လုပ်ငန်းရှင်များက ပြောသည်။ **(Irrawaddy 240209)**
- မြန်မာနိုင်ငံအခြေအနေသည် အလွန်အရေးကြီးချိန်ရောက်နေပြီဟု အမေရိကန်အခြေစိုက် အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့၏ ယမန်နေ့ကပြုလုပ်သည့် (၃၅၈)ကြိမ်မြောက်နအဖသံရုံးရှေ့ဆန္ဒပြပွဲတွင် ဆန္ဒပြခေါင်းဆောင် ကိုရွှေစင်ထွန်းက ပြောသည်။ **(DVB 240209)**
- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးရေးအမြန်ဆုံးလုပ်ရန် ကုလသမဂ္ဂ၊ အီးယူ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က မြန်မာစစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်သည်။ **(DVB 240209)**
- နအဖစစ်အစိုးရက ယခုရက်ပိုင်းအတွင်းပြန်လွှတ်သည့် နိုင်ငံရေးအကျဉ်းသားစာရင်း(၂၄)ဦးသာရှိပြီး ယင်းလုပ်ရပ်သည် နိုင်ငံတကာဖိအားများလျော့နည်းသွားစေရန် ပြုလုပ်ခြင်းသာဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) **AAPP-B**၏ ယနေ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(DVB 240209)**
- အိန္ဒိယ–မြန်မာနယ်စပ်တွင် နာဂသူပုန်များအချင်းချင်း တိုက်ပွဲဖြစ်ပွါးသည့်ကြား၌ ပိတ်မိသွားသည့် မြန်မာနိုင်ငံသား နာဂအရပ်သားများ သေဆုံးရသည်ဟု အိန္ဒိယ–မြန်မာနယ်စပ်တွင်နေသည့် နာဂအမျိုးသားများက ပြောသည်။ **(DVB 240209)**
- ပဲခူးတိုင်း ညောင်လေးပင်မြို့ တော်ဝိကျေးရွာမှ အရှင်ဓမ္မပါလ၏ လယ်မြေသိမ်းပြီး နဂါးရုံဘုရားတည်ရေးကိစ္စသည် သာသနာဝိနည်းနှင့် မကိုက်ညီဟု တိုင်းနှင့်မြို့နယ် သံဃမဟာနာယကအဖွဲ့က တားမြစ်ပါလျက် အရှင်ဓမ္မပါလက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သံဃာတော်တစ်ပါးကို လာဘ်ထိုးပြီး ဘုရားဆက်တည်ရန်ကြိုးပမ်းနေသည်ဟု သိရသည်။ **(DVB 240209)**
- လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ခွင့်ပြုလိုက်ခြင်းကြောင့် ရေနံချောင်းစက်မှုဇုန်တွင် အဝယ်တန့်သွားသည်ဟု ရေနံချောင်းစက်မှုဇုန်ရှိ ဆိုင်ကယ်ထုတ်လုပ်သည့် အလုပ်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။ **(DVB 240209)**
- နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲများကို အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့များက ယနေ့ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(DVB 240209)**
- ချောက်မြို့နယ် ကန်ရေကြီးရွာမှ အသက်(၃၀)ခန့်ရှိ ကိုထိန်လင်းသည် ပြီးခဲ့သည့်သောကြာနေ့တွင် ကျောက်ပန်းတောင်းမြို့ရှိ ဘဏ်တစ်ခုတွင်ငွေထုတ်ပြီး ဆိုင်ကယ်ဖြင့်အပြန် ကျောက်ပန်းတောင်းမြို့အထွက်နား၌ အသတ်ခံရပြီး ဘဏ်မှထုတ်လာသည့် ငွေကျပ်(၂၉)သိန်း လုယက်ခံရသည်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။ **(DVB 240209)**
- နအဖစစ်အစိုးရက အကျဉ်းသား(၆,၀၀၀)ကျော်လွှတ်ပေးသည့်အထဲတွင် ‘စိန်စီသောည’အခွေကြည့်၍ ထောင်ချခံရသည့် ရောဝတီတိုင်း ညောင်တုန်းမြို့မှ ကိုတင်ဌေးနှင့် ကိုသန်းထွန်းတို့ပါဝင်ကြောင်း သိရသည်။ **(DVB 240209)**

- နာဂစ်အမှုဖြင့် ရန်ကုန်အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသည့် ဒေါက်တာနေဝင်းနှင့်သမီးဖြစ်သူ မဖြိုးဖြိုးအောင်အပါအဝင် ဗကသ ကျောင်းသား(၅)ဦးကို ယနေ့ အင်းစိန်ထောင်အထူးတရားရုံးတွင်ရုံးထုတ်ရာ၌ ရှေ့နေလိုက်ခွင့်ပြုလိုက်သည်ဟု တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်မြင့်က ပြောသည်။ **(DVB 240209)**
- ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် သစ်တောအာဏာပိုင်များသည် တရားမဝင် သစ်နှင့်ဝါးများ ခိုးခုတ်သည်ဟု စွပ်စွဲခံရသည့် လယ်သမားများ၏ နွား (၂၄)ကောင်နှင့် လှည်း(၄၆)စီးကို သိမ်းဆည်းလိုက်သည်ဟု သိရသည်။ **(DVB 240209)**

ဖေဖော်ဝါရီလ (၂၅)ရက်

- မဲဆောက်ရှိ ဟန်ထိုင်း သိုးမွေးအထည်ချုပ်စက်ရုံတွင် လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား(၁,၀၀၀)ခန့်အား လုပ်ငန်းခွင်အတွင်း လုပ်အားခနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိသည့်အကြောင်းကို စာချုပ်စာတမ်းဖြင့် လိမ်လည်လှည့်ဖြား၍ လက်မှတ် ထိုးခိုင်းခြင်းကို ကန့်ကွက်ခဲ့သည့် မြန်မာအလုပ်သမား (၂၆၃)ဦးကို ယမန်နေ့က အကြောင်းမဲ့အလုပ်ဖြုတ်လိုက်ကြောင်း သိရသည်။ **(NEJ 250209)**
- အကောင်းဆုံးမြေသြဇာအဖွဲ့မှ ကိုစိုးမင်းထိုက်၊ ကိုကျော်ဇင်နိုင်၊ ကိုအောင်ထက်မင်းတို့သည် ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် မြောက် ဥက္ကလာပမြို့နယ် အထက(၃)ရှေ့တွင် နှင်းဆီပန်းလှူထုလှုပ်ရှားမှုအဖြစ် ပိုစတာများကပ်နှံခဲ့ခြင်းကြောင့် အာဏာပိုင်များက နေအိမ်သို့ လာရောက်ဖမ်းဆီးခဲ့ပြီး၊ ယခုအခါ ရန်ကုန်တိုင်းရဲရုံးတွင် ဖမ်းဆီးနှိပ်စက်စစ်ဆေးနေကြောင်း သိရသည်။ **(NEJ 250209)**
- ယမန်နေ့နေ့လယ် (၁)နာရီခန့်တွင် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်ရှိ ပေါ်ပြူလာပလပ်စတစ်စက်ရုံ၌ မီးလောင်မှုဖြစ်ပွါးရာ သိန်းကျပ်(၅,၀၀၀)ထက်မနည်း ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။ **(NEJ 250209)**
- လက်ရှိ ၂၀၀၉ ခုနှစ်သည် ရန်ကုန်နေသူများအတွက် ရေရရှိမှုအဆိုးဆုံးနှစ်ဖြစ်ကြောင်းနှင့် ပြည်သူများရေရရှိမှုခက်ခဲနေသည့်အကြောင်း ဂျာနယ်များတွင် ရေးသားဖော်ပြရန် ကြိုးစားတိုင်း စာပေစိစစ်ရေးက ပိတ်ပင်လျက်ရှိကြောင်း၊ ပြည်တွင်း ပုဂ္ဂလိကဂျာနယ်များမှ သတင်း အယ်ဒီတာများနှင့် မြို့ခံများက ပြောသည်။ **(NEJ 250209)**
- စက်မှု(၁)တည်ဆောက်ရေးလုပ်ငန်းခွင်များ စက်ရုံစက်တပ်ဆင်မှုစီမံကိန်းများ နှေင့်နှေးကြန့်ကြာပြီး အချိန်မှီမပြီးသည့်အကြောင်းရင်းမှာ **Safety First** (အန္တရာယ်ကင်းရေး ဦးစားပေး) ဆိုသည့်ဆောင်းပုဒ်ကြောင့်ဟု ဝန်ကြီး ဦးအောင်သောင်းက ယူဆကာ "အန္တရာယ်ကို သတိပြုပါ" ဆိုသည့်ဆောင်ပုဒ်ဖြင့်အစားထိုးရန် ဝန်ကြီးက အရေးတကြီးညွှန်ကြားထားကြောင်း ဦးအောင်သောင်း၏လက်ထောက် တစ်ဦးက ပြောသည်။ **(NEJ 250209)**
- ကနေဒါအခြေစိုက် မြန်မာ့နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ၏ခေါင်းဆောင် ဦးကျော်မြင့် (ခေါ်) မိုက်ကယ် ဟွာဟူသည် ရောဝတီမဂ္ဂဇင်းနှင့်အယ်ဒီတာတာဝန်ခံ ဦးအောင်ဇော်ကို ထိုင်းနိုင်ငံတရားရုံးတွင် တရားစွဲတော့မည်ဟု **VOA** အသံလွှင့် ဌာနသို့ ယနေ့ ပြောကြားလိုက်သည်။ **(Irrawaddy 250209)**
- နအဖစစ်အစိုးရအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် လာအိုသမ္မတ **Choummaly Sayasone** တို့သည် ယခုလ(၂၃)ရက်နေ့တွင် လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်းမြို့၌ တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်လုံခြုံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ဆင်ဟွာ သတင်းက ယမန်နေ့တွင် ဖော်ပြထားသည်။ **(Irrawaddy 250209)**
- ယခုလ(၂၈)ရက်နေ့မတိုင်မီ ရန်ကုန်နာရေးကူညီမှုအသင်းများ၏ နိဗ္ဗာန်ယာဉ်များကို ယခင်ထားရှိရာ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဖြူဟ္မဝိဟာရ ကျောင်းဝန်းအတွင်းတွင် ဆက်လက်မထားပဲ ရန်ကုန်မြို့ပြင်ရှိ သချိုင်းများသို့ပြောင်းရွှေ့ထားရန် ရန်ကုန်စည်ပင်သာယာရေး ကော်မတီ က ညွှန်ကြားချက်ထုတ်ပြန်ထားသည်ဟု နာရေးကူညီမှုအသင်း ဦးဆောင်သူ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူက ပြောသည်။ **(Irrawaddy/ DVB 250209)**
- မြန်မာနိုင်ငံစာပေစိစစ်ရေးက 'အီလက်ထရောနစ် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်စနစ်' ကို လာမည့်ဖွန်လမှစ၍ ဆောင်ရွက်မည်ဟု စာပေ စိစစ်ရေးနှင့်မှတ်ပုံတင်ဦးစီးဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးတင့်ဆွေက ယခုလ(၂၀)ရက်နေ့တွင်ပြုလုပ်သည့် (၁/၂၀၀၉)သတင်းစာပညာ သင်တန်းတွင် ပြောကြားခဲ့သည်ဟု ဖေါ်ပြူလာဂျာနယ်တွင် ဖေါ်ပြထားသည်။ **(DVB 250209)**
- အိမ်နီးချင်းနိုင်ငံကို တောမီးမကူးစက်အောင် မြန်မာအစိုးရအနေဖြင့် ကြိုးပမ်းသင့်သည်ဟု တရုတ်မီဒီယာများက ယနေ့ သတိပေး ပြောဆိုလိုက်သည်။ **(DVB 250209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နေဖြင့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး မဝင်ရေးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့နှင့် ရန်ကုန်တိုင်း မြို့နယ်(၁၀)ခုမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်များ ယမန်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(DVB 250209)**
- ကချင်ပြည်နယ် မြစ်ကြီးနားထောင်တွင် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုမရှိဘူးဟု ယင်းထောင်မှ ပြန်လွှတ်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဦးဖေစိန်က ပြောသည်။ **(DVB 250209)**
- ထောင်ဒဏ်(၇)နှစ်ချမှတ်ခံခဲ့ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်း မတ္တရာမြို့နယ် ဒု-ဥက္ကဋ္ဌ ဦးညိုကြီး(၇၁)နှစ်သည် ခွန္တီး ထောင်မှ ပြန်လည်လွတ်မြောက်လာပြီး ယမန်နေ့က နေအိမ်သို့ ရောက်ရှိလာကြောင်း သိရသည်။ **(DVB 250209)**

- ရောဝတီတိုင်း အိမ်မဲမြို့နယ် လူခေါင်ကျွန်းရဲစခန်းမှူး ဦးစိန်ဝင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် ဗုံခွဲရန်ကြံစည်နေခြင်းကြောင့် ကျေးရွာသို့လာပါက သတင်းပေးကြရန် ကျေးရွာအစည်းအဝေး၌ ပြောကြားခဲ့သည်ဟု အဖွဲ့ချုပ်အဖွဲ့ဝင်များက ပြောသည်။ **(DVB 250209)**

## ဖေဖော်ဝါရီလ (၂၆)ရက်

- မြန်မာ့အရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး **Ban Ki-moon**က မြန်မာစစ်ခေါင်းဆောင်များအား လုပ်သင့်သည်များကို အတင်းအကျပ်ခိုင်း၍မရပဲ တိုက်တွန်းသည့်နည်း၊ ဆွဲဆောင်သည့်နည်းမျိုးဖြင့်သာ လုပ်ကိုင်နေကြောင်း မစ္စတာ **Ibrahim Gambari**က ထုတ်ဖော်ပြောဆိုလိုက်သည်။ **(NEJ 260209)**
- မြန်မာနိုင်ငံအပေါ် စီးပွါးရေးပိတ်ဆို့ အရေးယူထားမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြုလုပ်ထားခြင်း မဟုတ်သည့်အတွက် ပါတီဘက်မှ ရုတ်သိမ်းပေးရမည် မဟုတ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ 260209)**
- ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ရွှေ့ပြောင်း မြန်မာနိုင်ငံသား (၅၀၀)ကျော်ကို ထိုင်းအာဏာပိုင်များက ယနေ့နံနက်ပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း အလုပ်သမားရေးရာအဖွဲ့ဝင်များက ပြောသည်။ **(Irrawaddy 260209)**
- စစ်အစိုးရသည် အတိုက်အခံများကိုထောင်သွင်းအကျဉ်းချပြီး ပြည်သူလူထုကိုဆက်လက်အနိုင်ကျင့်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အတွင်း မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေများ ဆိုးဝါးခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(Irrawaddy 260209)**
- ရောဝတီတိုင်း ဘိုကလေးမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ **IDE (International Development Interprises)** က ပုလဲခါတ်မြေသြဇာအခမဲ့ဖြန့်ဝေပေးရာတွင် ဒေသခံအာဏာပိုင်များက လယ်သမားများထံမှ တစ်ဦးလျှင်ကျပ်(၁,၅၀၀)စီ တောင်းနေသည်ဟု ဒေသခံများက ပြောသည်။ **(DVB 260209)**
- နအဖစစ်တပ်ရှိ စစ်တန်းလျားများနှင့် အိမ်ထောင်သည်လိုင်းများတွင် ပြင်ပရေဒီယိုများကို နားမထောင်နိုင်ရန် တင်းတင်းကျပ်ကျပ်တားမြစ်ရန် စစ်ရုံးချုပ်က အမိန့်ပေးထားသည့်ဆိုသည့် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။ **(DVB 260209)**
- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယမန်နေ့ကစတင်ဖြစ်ပွါးသည် ဘီဒီအာနယ်ခြားစောင့်စစ်ရဲတပ်၏ အောက်ခြေတပ်သားများက အထက်အရာရှိများကို ပုန်ကန်မှု ယနေ့ တစ်နိုင်ငံလုံးရှိ တပ်များကို ကူးစက်ပျံ့နှံ့သွားသည်ဟု သိရသည်။ **(DVB 260209)**
- မြန်မာနိုင်ငံသားများ သွားရောက်အလုပ်လုပ်ကိုင်များသည့် မလေးရှားနှင့် စင်္ကာပူနိုင်ငံတို့က လူခေါ်ခြင်းများ မရှိသလောက်ဖြစ်နေ၍ ရန်ကုန်ရှိ အလုပ်သမား အေဂျင်စီအချို့ ရပ်နားနေကြောင်း သိရသည်။ **(DVB 260209)**
- မြန်မာနိုင်ငံ၏အရေးကိစ္စများသည် ဒေသတွင်းကို ရိုက်ခတ်လာခြင်းကြောင့် အာဆီယံဝေအဖွဲ့က လက်ရှိကျင့်သုံးနေသည့် အခြားနိုင်ငံကိစ္စ ဝင်မစွက်ရေးမူဝါဒကို ပြောင်းလဲရန်လိုသည်ဟု ယှဉ်ပြိုင်အာဆီယံအဖွဲ့**AIPMC**မှကြီးမှူးပြီး ဘန်ကောက်တွင်ကျင်းပသည့် ဆွေးနွေးပွဲမှ ပြောဆိုလိုက်သည်။ **(DVB 260209)**
- မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့**AI**က ပြစ်တင်ဝေဖန်လိုက်ပြီး ယင်းကိစ္စကို အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ဦးစားပေးတင်ပြဆွေးနွေးရမည်ဟု တောင်းဆိုလိုက်သည်။ **(DVB 260209)**
- မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ယမန်နှစ်ကထက် ပိုဆိုးလာပြီး နိုင်ငံသားများကို ရပ်စက်ဖိနှိပ်ခြင်း၊ တစ်ရွာလုံးမီးလောင်တိုက်သွင်းခြင်းမျိုးအထိ ဆိုးရွားလာသည်ဟု အမေရိကန်အစိုးရက ပြစ်တင်ရှုတ်ချလိုက်သည်။ **(DVB 260209)**
- နိုင်ငံတော်ပုန်ကန်မှု၊ စာရွက်စာတမ်းဖြန့်ဝေမှုတို့နှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့်(၂)နှစ် ချမှတ်ခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိတ္ထီလာမြို့နယ် လူငယ်အဖွဲ့ဝင် ကိုသီဟကို ယခုလ(၂၄)ရက်နေ့တွင် အင်းစိန်ထောင်မှ ကချင်ပြည်နယ် ပူတာအိုထောင်သို့ ပြောင်းရွှေ့လိုက်သည်ဟု ဇနီး မသဲသဲက ပြောသည်။ **(DVB 260209)**
- နအဖစစ်အစိုးရပိုင် မြဝတီရုပ်မြင်သံကြားမှ မြဝတီနေ့စဉ်သတင်းစာထုတ်ဝေရန် ပြင်ဆင်နေပြီဟု ကြားသိရကြောင်း ပြည်တွင်းရှိ ဂျာနယ်အယ်ဒီတာတစ်ဦးက ပြောသည်။ **(DVB 260209)**
- ရောဝတီတိုင်း ဟသ်္သာတထောင်တွင်းတရားပွဲကို အာဏာပိုင်များကခွင့်ပြုခဲ့ပြီးမှ ယနေ့နံနက်တွင် ပြန်လည်တားမြစ်ခဲ့ကြောင်း သိရသည်။ **(DVB 260209)**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်း ဝန်းတွင်းမြို့နယ်က လျှပ်စစ်မီးနှင့်သောက်ရေသန့် လုံလုံလောက်လောက်ရရှိရေး တောင်းဆိုသည့် ဆန္ဒလက်မှတ် အစောင်(၃၀၀)ကျော်ကို ဝမ်းတွင်းမြို့နယ်မယကနှင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ယမန်နေ့တွင် ပေးပို့ခဲ့ကြောင်း သိရသည်။ **(DVB 260209)**
- မြန်မာစစ်အစိုးရသည် ၂၀၀၉ ခုနှစ်အတွက် ပထသဆုံးလေးလပတ်အစည်းအဝေးကို မတ်လ ဒုတိယအပတ်အတွင်းကျင်းပရန် ပြင်ဆင်နေကြောင်း သိရသည်။ **(Mizzima 260209)**

ဖေဖော်ဝါရီလ (၂၇)ရက်

- မြန်မာနိုင်ငံအပေါ် နိုင်ငံတကာစီးပွါးရေးအဏ်ခတ်မှုမအောင်မြင်ရခြင်း အချက်(၅)ချက်ရှိကြောင်း သမ္မတ**George Bush**လက်ထက် အမေရိကန်ကွန်ဂရက်သို့တင်သွင်းသည့် မြန်မာ–အမေရိကန်ဆက်ဆံရေး အစီရင်ခံတစ်စောင်တွင် ဖေါ်ပြသုံးသပ်ထားသည်။ **(NEJ 270209)**
- ရိုဟင်ဂျာဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ မြန်မာစစ်အစိုးရအပေါ် အာဆီယံနိုင်ငံအချို့က ဖိအားပေးပြောနေချိန်တွင် ပြန်လည်ချေပနိုင်ရန် အခြေခံအချက်အလက်များရှာရန်အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းအား ရခိုင်ပြည်နယ်သို့ စစ်ဆင်ရေးပုံစံဖြင့် လျှို့ဝှက်တာဝန်ပေးထားကြောင်း သိရသည်။ **(NEJ 270209)**
- ရိုဟင်ဂျာပြဿနာသည် ဒေသတွင်းပြဿနာဖြစ်လာသည့်အလျောက် မြန်မာစစ်အစိုးရဘက်က တစုံတရာဖြေရှင်းစေလိုကြောင်း ယမန်နေ့ည အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ညစာစားပွဲတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ဆရီ ဒေါက်တာရေစ့်ယာတင်းက ထုတ်ဖေါ်ပြောဆိုလိုက်သည်။ **(NEJ 270209)**
- မြန်မာအစိုးရဘက်မှ ရိုဟင်ဂျာကို မြန်မာတိုင်းရင်းသားဟု မယူဆသော်လည်း ပင်လယ်မျောရိုဟင်ဂျာများအနက် မြန်မာနိုင်ငံ၌ မွေးဖွါးသူများဖြစ်ကြောင်း အထောက်အထားပြနိုင်သူများကို မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ရန် သဘောတူကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး **Kasit Promya**က အာဆီယံအစည်းအဝေး၌ သတင်းထောက်များကို ပြောသည်။ **(NEJ 270209)**
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်**ILO** အမှုဆောင်ညွှန်ကြားရေးမှူး **Mr. Kari Tapiola**နှင့် နအဖအလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့ ယခုလ(၂၅)ရက်နေ့တွင် နောက်ထပ်တစ်နှစ်တာ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များဆောင်ရွက်ရန် နောက်ဆက်တွဲနားလည်မှုရယူခဲ့ကြသည်ဟု နအဖပိုင် နေ့စဉ်ထုတ်သတင်းစာများတွင် ဖေါ်ပြခဲ့သည်။ **(NEJ 270209)**
- ရိုဟင်ဂျာဆိုသည်မှာ ဘင်္ဂါလီလူမျိုးများသာဖြစ်၍ မြန်မာတိုင်းရင်းသားထဲတွင် မပါဝင်ကြောင်း မြန်မာစစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကပြင်းဆိုသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး **Kasit Promya**က (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် သတင်းထောက်များကို ပြောသည်။ **(Irrawaddy 270209)**
- ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်ရှိ ဝတိုင်းရင်းသားများကို လူဝင်မှုကြီးကြပ်ရေးဌာနအရှိများနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက နိုင်ငံသားကတ်များ သွားရောက်ပြုလုပ်ပေးနေကြောင်း ဒေသခံများက ပြောသည်။ **(Irrawaddy 270209)**
- နိုင်ငံရေးအကျဉ်းသားများကိုလွတ်ရေးအတွက် ပဲခူးမြို့နယ်တွင် လူထုဆန္ဒလက်မှတ်ပေါင်း (၁,၀၀၀)ကျော်ရရှိပြီဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်းတာဝန်ခံတစ်ဦးက ပြောသည်။ **(DVB 270209)**
- အကူအညီပြန်လည်ပေးရေးအတွက် **Global Fund**အဖွဲ့ စီမံကိန်းဒါရိုက်တာ **Willian Paton** ဦးဆောင်သည့် (၄)ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်သို့ ယခုလ(၂၄)ရက်နေ့ကရောက်ရှိနေပြီး ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ(၂၉)ဦးနှင့် ဆွေးနွေးနေသည်ဟု ဆင်ဟွာသတင်းက ဖေါ်ပြထားသည်။ **(DVB 270209)**
- မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် အာဆီယံလူ့အခွင့်အရေးကောင်စီကိစ္စတို့ကို ဆွေးနွေးသင့်မသင့် အငြင်းပွါးပြီးနောက် ဆွေးနွေးရန် အာဆီယံထိပ်သီးအစည်းအဝေး၌ သဘောတူလိုက်ကြောင်း သိရသည်။ **(DVB 270209)**
- နာဂစ်မုန်တိုင်းဘေးသင့်သူများအတွက် အကူအညီများလိုအပ်နေဆဲဖြစ်ပြီး နာဂစ်အရေးနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖေါက်မှုများရှိနေသည်ကို မီးမောင်းထိုးပြသည့် အစီရင်ခံစာကို **Emergency Assistance Team** အရေးပေါ်အကူအညီပေးရေးအဖွဲ့က ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်သည်။ **(DVB 270209)**
- နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်မှာ နံနက်ဖြန်ဆိုလျှင် (၁၀)လပြည့်တော့မည်ဖြစ်သော်လည်း ဒုက္ခသည်များ ယခုအချိန်ထိ အကူအညီအလုံအလောက် မရသေးဘူးဟု ဒေသတွင်းရှိ တစ်သီးပုဂ္ဂလ ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။ **(DVB 270209)**
- ယခုလ(၁၈)ရက်နေ့တွင် ရွှေတြိဂံဒေသအတွင်းရှိ မြန်မာနိုင်ငံ ရှမ်းပြည်နယ် မိုင်းဖုန်းဒေသအတွင်း မြန်မာစစ်တပ်နှင့် ဒေသအတွင်းလှုပ်ရှားနေသော ဘိန်းရာဇာ ခွန်ဆာ၏လက်ကျန် **MTA** တပ်မှ စိုင်းနော်ခမ်းဦးဆောင်သည့် တပ်ဖွဲ့ဝင်အကြား တိုက်ပွဲများဖြစ်ပွါးခဲ့ကြောင်း သိရသည်။ **(Mizzima 270209)**

ဖေဖော်ဝါရီလ (၂၈)ရက်

- နေပြည်တော်မှ လာရောက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြင်းခြံမြို့ ဝင်းသူဇာအရောင်းဆိုင်မှ အရောင်းမန်နေဂျာဦးအောင်ဝင်းအပါအဝင် ဆိုင်ဝန်ထမ်းများကို လွှန်ခဲ့သည့်သီတင်းပတ်က စစ်ဆေးရာ ကျပ်သိန်း (၇၀၀)ကျော်ကွာဟနေသည်ကို စစ်ဆေးပေါ်ပေါက်ခဲ့သော်လည်း ဝန်ကြီးဦးအောင်သောင်းနှင့်နီးစပ်သည့်အတွက် အရေးယူခံရခြင်းမရှိကြောင်း သိရသည်။ **(DVB 280209)**
- ရောဝတီတိုင်း ဘိုကလေးမြို့တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် နယ်မြေခံအာဏာပိုင်များကို လောင်းကစားဒိုင်များက လာဘ်ထိုးထားခြင်းကြောင့် နှစ်လုံးထီလောင်းကစားအလျော်အစားပုံစံ ဘယ်လိုလုပ်ရမည်ဆိုသည်ကို ကြေညာသည်အထိ ပါဝင်ပတ်သက်နေသည်ဟု မြို့ခံများက ပြောသည်။ **(DVB 280209)**

- နာရေးကူညီမှုအသင်းပိုင် နိဗ္ဗာန်ယာဉ်များကို သတ်မှတ်ထားသည့်အတိုင်း ယနေ့နောက်ဆုံးထားပြီး ရေဝေးသုသာန်ကို ပြောင်းရွှေ့စရာ မလိုသေးဘဲ အာဏာပိုင်များက အချိန်ယူပြောင်းရွှေ့ခွင့်ပြုလိုက်ပြီဟု ယမန်နေ့က အကြောင်းကြားလာကြောင်း နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဘဏ္ဍာရေးမှူး ဒေါ်ရွှေဇီးကွက်က ပြောသည်။ **(DVB 280209)**
- ထောင်ဒဏ်(၆၅)နှစ်ချမှတ်ခံထားရသည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ မင်းကိုနိုင်လွတ်မြောက်ရေး အတွက် နိုင်ငံတကာကျောင်းသားငြိမ်းချမ်းရေးဆုရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်ရှိသည်ဟု သိရသည်။ **(RFA 280209)**
- ထိုင်းနိုင်ငံတွင်ကျင်းပနေသည့် အာဆီယံထိပ်သီးညီလာခံတွင် ယနေ့အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်လူထုအခြေပြုအဖွဲ့အစည်း များ တွေ့ဆုံဆွေးနွေးပွဲ၌ မြန်မာ့အရေးလှုပ်ရှားသူ **NDD** ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာနှင့် ကမ္ဘောဒီးယားအရေးလှုပ်ရှားသူ **Mr. Pen Somony** တို့ကို မြန်မာနှင့်ကမ္ဘောဒီးယားအစိုးရတို့မှ ကန့်ကွက်ခဲ့သဖြင့် တက်ရောက်ခွင့်မရခဲ့ကြောင်း သိရသည်။ **(RFA 280209)**
- မြန်မာ့အရေးကို ပိုမိုသိရှိရန်အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အစည်းအဝေးနှင့်အချိန်ကိုက်ကာ မြန်မာ တက်ကြွလှုပ်ရှားသူ(၁၅)ဦးက ထိုင်းနိုင်ငံတောင်ပိုင်း ဟော့ယာင်မြို့အတွင်း စက်ဘီးစီးဆန္ဒပြပွဲကို ယနေ့နံနက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(Mizzima 280209)**
- ယခုလ(၂၄)ရက်နေ့တွင် မြန်မာနိုင်ငံဘက်ခြမ်းမောင်းတောသို့ လှေတစ်စီးဖြင့်ငါးဝယ်သွားစဉ် နံနက်(၆)နာရီခန့်တွင် ရေရာအခြေစိုက် အမှတ်(၄)နအဖက ပစ်ခတ်သဖြင့် ဝိုက်ကျောင်းကျေးရွာနေ (၃၀)နှစ်အရွယ် စုလတန်အာမက် သေဆုံးခဲ့ပြီး (၃၂)နှစ်အရွယ် စိုးယွတ် ဟူဆင်သည် ညာဘက်ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(Mizzima 280209)**

***End of report: , Wednesday, March 04, 2009***

*ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့် သုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။*

***Documentation and Research Department- NDD***